ပြန်လည်ကြွလာခြင်းသတင်းကောင်း

March & April

HERALD ***OF HIS*** COMING

ငါသည်အလျင်အမြန်လာမည်။ ငါသည် အကျိုး အဖြစ်ကို ဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။ (ဗျာ ၂၂း၁၂)

သခင်ပြန်လာမည့်အချိန်အတွက် သင်အဆင်သင့်ရှိနေပါသလား။

(Are You Ready For The Coming Of The Lord?)

By W.C . Mrore

ယေရှုက အဆင်သင့်ပြင်ဆင်နေကြဖို့ရန်ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် သင်တို့သည်ပြင်ဆင်လျက်နေ ကြလော့ အကြောင်းမူကား သင်တို့မထင်မှတ်သော အချိန်နာရီ၌ လူသားသည်ကြွလာမည်(မသဲ ၂၄:၄၄) အဆင်သင့်ပြင် ဆင်ခြင်း၏ အဓိပ္ပါယ်မှာ သခင်ပြန်လာမည့်အချိန်အတွက် အသက်တာကို အဆင်သင့်ရှိ စေခြင်း ပင်ဖြစ်ပါသည်။ တစ်ချို့က ကျွန်ုပ်ကတော့ အဆင်သင့်မဖြစ်သေးပါဘူး ဒါပေမဲ့ အချိန်မလွန်ခင်တော့ အဆင် သင့်ဖြစ်မှာပါဟု ပြောဆိုကြပါသည်။ အမြဲပြင်ဆင်နေခြင်းက ခရစ်ယာန်များအတွက်လုံခြုံမှုကိုပေးသော အရာ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ယေရှုကအဓိပ္ပါယ်မဲ့သောစကားများကို မည်သည့်အခါမျှပြောဆိုခြင်း မရှိပါ သူသည်အသင်းတော်၏ ဦးခေါင်းဖြစ်ပါသည်။ (ဧဖက် ၅:၂၃) သူသည် ကျွန်ုပ်တို့၏ အရှင်သခင် ဖြစ်ပါသည်။ သူပြောသည့်အရာကို သိကျွမ်းပါသည်။ ဘုရားသခင်နှင့် သင်၏ ဝိညာဉ်အကြားတွင် လည်းကောင်း၊ သင်နှင့်အခြားတစ်ဦးဦး၏ အကြားတွင်လည်းကောင်း၊ အဟန့်အတားဖြစ်စေသည့် အသေးအမွှား ကိစ္စဖြစ်စေ၊ ကြီးသော အရာဖြစ်စေ ချက်ချင်းဂရုစိုက်လျက်သိမှတ်ပါ၊ အောင်မြင်မှုလမ်းကြောင်းတစ်လျှောက်တွင် သင်သည် မရပ်တည်လျှင်လည်း မည်သို့ပင်ဖြစ်စေကာမူ ဆုတောင်းခြင်းဖြင့် သူပေါ်ထွန်းလာမည့်အချိန် အတွက် အဆင့်သင့်ပြင်ဆင်မှု ရှိဖို့ရန်သတိပြုပါ။

ပြစ်တင် ရှုတ်ချခြင်းမပြုပါနှင့်

သင်၏ လမ်းကြောင်းတစ်လျှောက်တွင် သင်အပြစ်မြင်သည့် အရာများကြောင့် ဆိတ်ငြိမ်မနေပါနှင့် (၁ယော ၃: ၁၉-၂၄) အချိန်မဆွဲပါနှင့် အစာရှောင်ဆုတောင်းကာ သခင်ပြန်လာမည့်အချိန်တွက် အသင့်ပြင်ဆင်ခြင်းကိုသိမြင်သည် အထိတိုင် ဆုတောင်းပြီးအဆင်သင့်ရှိနေပါ။ ယေရှုမိန့်ကြားသော အဆင်သင့်ပြင်ဆင် နေခြင်းကအထူးအရေးကြီးသည့်အရာကို ဖွင့်ပြခြင်း ဖြစ်ပါသည်။ အဆင်သင့်ဖြစ်နေရုံသာမကဘဲ အသက်တာကို ကျော်လွှားသည့်အောင်မြင်သောအသက်တာဖြင့် ကျွန်ုပ်တို့က ရှင်သန်ဖို့ရန်အတွက် အသင့်ဖြစ်ရမည်ဖြစ်သည်။ ကျေးဇူးတော်ထဲတွင် ကျွန်ုပ်တို့က ကြီးထွားဖို့ရန်ဖြစ်ပြီး မည်သည့် အခြေအနေတွင် ကျရောက်နေပါစေ ဘုရား သခင်၏ ရှေ့တွင်အပြစ်မြင်ရှုတ်ချခြင်း မပြုကြဖို့ရန်လိုအပ်ပါသည်။ (ဂလာတိ ၅ :

၁၆ ယော ၃ : ၂ – ၃ ရော ၈ : ၁) ဘုရားသခင်၏အလင်းထဲတွင် လျှောက်လှမ်းဖို့ရန် အဆင်သင့်ဖြစ်ခြင်းသည် အဆင်သင့်ရှိခြင်း၏ အချက်အလက်ပင်ဖြစ်ပါသည်။ တချိန်တည်းတွင်ပင် ဖိနှိပ်မှုများအပေါ် ဘုရားသခင်၏ ညွှန်ကြား ချက်ကိုပိုမို ရှာဖွေကြဖို့ ရန်ဖြစ်ပါသည်။ အမဲစက်ကို နှိပ်ကွပ်ပါ။ (ဖိလိပ္ပိ ၃ : ၁၄) ရှင်ပေါလု၏ လိုအပ်သော နှိပ်ကွပ်မှုကဲ့သို့ ကျွန်ုပ်တို့က ကျိန်းသေလုပ်ဆောင်ဖို့ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင် စိတ်နှလုံးဖြင့် ဘုရား သခင်၏ရှေ့ မှောက်တွင် နှိမ့်ချသော အသက်တာကို စောင့်ထိန်းလျက် ရှင်သန်သည့် အခြေအနေကို ဘုရား သခင်က အလိုရှိ နေပါသည်။

Charles G. Finney က အံ့သြဖွယ်ရာ သန့်ရှင်းသောဝိညာဉ်တော် နှစ်ခြင်းခံယူခြင်းတစ်ခုကိုရရှိပြီး အပြစ်၏ အနှစ်သာရ စကားလုံးကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် တန်ခိုးတော်၏ လိုအပ်ချက်ကို သူတွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် သူအသက်တာ အားဖြင့် ဘုရားသခင်၏တန်ခိုးတော် တစ်ဖန်စီးဆင်းခြင်းနှင့် ဘုရားသခင် နှင့် သူဝိညာဉ် အကြားက အကြောင်းအရာများကို သိကျွမ်းသည့်အထိတိုင်အောင် သူကမရပ်နားနိုင်သည့် အကြောင်းကို ဖော်ပြခဲ့ပါသည်။

ခရစ်တော်ထဲတွင် နေထိုင်သည့်အောင်မြင်ခြင်း၊ စစ်မှန်သောနေရာတစ်ခုအတွက် ကိုယ်တိုင်ဆုတောင်းခြင်းမရှိလျှင် သန့်ရှင်းခြင်းအကြောင်းကို အခြားသူများထံ မည်သို့ဝေငှနိုင်ပါမည်နည်း။ အကယ်၍ ကျွန်ုပ်က လိမ်လည်သောသူဖြစ်ပါက အခြားသူများထံ ရိုးသားမှုကို မည်သို့ဝေငှနိုင်ပါမည်နည်း။ ကျွန်ုပ်၏ နှုတ်ပါးစပ်ကို ကျွန်ုပ်မစောင့်ထိန်းနိုင်ပါက အခြားသူများထံသို့ နှုတ်စောင့်စည်းဖို့ရန် မည်သို့ဝေငှနိုင်ပါမည်နည်း။ ခရစ်တော်က အဓိပ္ပါယ်မဲ့သည့် စကားကိုမပြောပါ သူက – လျှို့ဝှက်သောသူ ကိုယ့်မျက်စိ၌ရှိသော တံကျင်ကို ရှေးဦးစွာ ထုတ်လော့ နောက်မှညီအစ်ကို မျက်စိ၌ရှိသော ညှောင့်ငယ်ကို ထုတ်ပစ်ခြင်း၌ ရှင်းလင်းစွာမြင်လိမ့်မည်ဟု ပြောဆိုခဲ့ပါသည်။ (မသဲ ၇ : ၅)

မည်သို့အသင့်ပြင်ဆင်ရမည်နည်း

ခန္ဓာ စိတ်, ဝိညာဉ်အတွက် လိုအပ်ချက်များကို ဖြည့်စွက်ရာ၌ ဆုတောင်းချက်ဖြင့် ဘုရားသခင်ကို တွေ့နိုင်မည့် နည်းလမ်းမှာ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ရှာဖွေဖို့ရန်ဖြစ်ပါသည်။ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ရှာဖွေ သော်လည်း ကျွန်ုပ်တို့က သူ့ကို မတွေ့ရှိနိုင်ပါဟု တွေးတောခြင်းသည် အဓိပ္ပါယ်မဲ့သော ကိုယ့်ကိုကိုယ် လှည့်ဖြားမှုကို ခွင့်ပြုခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာက စစ်မှန်သော သမ္မာတရားပင်ဖြစ်ပါသည်။ ချိုးဖြတ်၍မရနိုင်ပါ၊ ယေရမိအခန်းကြီး ၂၉ : အငယ် ၂ ခုတွင် ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြ လိမ့်မည်ဟု ဖော်ပြထားပါသည်။ စိတ်မပါတပါနှင့် နှလုံးသား မပါသော အခြေအနေကို သတိထားပါ၊ အောင်မြင်ခြင်းကို ဘုရားသခင်ကပေးပါသည်(၁ကော ၁၅:၅၇) ကိုယ့်ကိုကိုယ် အောင်နိုင်ပြီးအခြားသူများထံသို့ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုး၌ အောင်မြင်သောသတင်းကောင်းကို ဝေငှပါ။

ဇအုန်းမှ တံပိုးမှုတ်သံ – သင်တို့သည် သည်းခံလျက်စောင့်ကြလော့ ကိုယ့်စိတ်နှလုံးကို မြဲမြံစေကြ လော့ သခင်ဘုရား ကြွလာမည့်အချိန်နီးလုပြီ (ယာကုပ် ၅ : ၇၉) ထိုသူတို့သည့် ဆီဝယ်သွားသည့်အခိုက်တွင် မင်္ဂလာဆောင်လုလင်သည်လာ၍ အသင့်ရှိသော သတို့သမီးတို့သည် လုလင်နှင့်အတူ ပွဲသို့ဝင်ကြပြီးလျှင် တံခါး ကို ပိတ်ထားကြ၏ (မသဲ ၂၅ : ၁၀) သင်ကကော အဆင့်သင့်ရှိပါသလား။ သင်တို့သည့် ကိုယ့်ကိုကိုယ်သတိပြုကြလော့ သို့မဟုတ် အစားအသောက်လွန်ကျူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်းလျက် နေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့ သင်တို့နှင့်တွေ့ကြုံလိမ့်မည်၊ ထို နေ့ရက်သည် ပိုက်ကွန်ကဲ့သို့ မြေတပြင်လုံး၌ နေသော လူအပေါင်းတို့ကို အုပ်မိလိမ့်မည် (လုကာ ၂၁ : ၃၄ – ၃၅) ကိုယ့်အလိုကို

ငြင်းပယ်ဖို့လိုအပ်ပါသည်။ စောင့်မျှော်လျက် အစဉ်ဆုတောင်းရန် လိုအပ်ပါသည်။ (လုကာ ၂၁ : ၃၆ တွင် ဤသို့ဖော်ပြပါ သည်။ ထို့ကြောင့် သင်တို့သည် ဖြစ်လတ္တံ့သော အမှုအရာတို့နှင့် ကင်းလွတ်၍ လူသားထံသို့ ရောက်ခြင်းကို ခံထိုက်သော သူဖြစ် သည်ဟု မှတ်တော်မူမည့်အကြောင်း အစဉ်ဆုတောင်းလျက် စောင့်နေကြလော့ဟု မိန့် တော်မူ၏။

အသုံးပြုခြင်း(သို့) ဆုံးရှုံးခြင်း

သန့်ရှင်းသောဝိညာဉ်တော်၏ ရင်းနှီးကျွမ်းဝင်မှုက နည်းလျက် သင်သည် ဆုံးရှုံးကာ ဘုရားသခင်ကို ရှာဖွေဖို့ရန် ဆာလောင်မှုကို ခံစားရသော အချိန် သင်၏ တတ်စွမ်းသမှုဖြင့် ဘုရားသခင်၏ ဘုန်းတော် ထင်ရှား ဖို့ရန်နှင့် အောင်မြင်သော အသက်တာတစ်ခုကို ရရှိဖို့ရန်အတွက် စိတ်ထက်သန်မှုမြင့်မားသော အချိန် သည် သင့်အသက်တာအတွက် ကြောက်စရာ ကောင်းသော အခြေအနေတစ်ခုပင်ဖြစ်ပါသည်။ ဇိအန်မြို့ ငြိမ်ဝပ်စွာနေသောသူ ရှမာရိ တောင်ပေါ်မှာ စိုးရိမ်ခြင်းနှင့် ကင်းကွာ လျက်နေသော သူလူမျိုးတို့တွင် အထွဋ်အမြတ်ဟု ခေါ်သောသူကြသရေလအမျိုးဆည်းကပ်သောသူတို့သည် မင်္ဂလာ ရှိကြ၏ (အာမုတ် ၆ : ၁)။

အအေးမဟုတ် မပူမဟုတ်နွေးရုံသာရှိသောကြောင့် ငါ၏ ခံတွင်းသည် သင့်ကို ထွေးလုပြီ (ဗျာဒိတ် ၃ : ၁၆-၁၇)။ နာမတော်ကို ပဋ္ဌာနပြုသောသူကိုတော်ကိုမှီဝဲစေခြင်း၌ ကိုယ့်ကိုကိုယ်နှိုးဆော်သောသူ တစ်ယောက် မျှမရှိ (ဟေရှာယ ၆၄ : ၇) ကိုယ့်ကိုကိုယ် နှိုးဆော်ပါ ယာကုပ်ကဲ့သို့ (ကမ္ဘာဦး ၃၂ : ၂၄ - ၂၈) ဒံယေလ ကဲ့သို့ (ဒံယေလ ၉:၃ - ၄) စိတ်နလုံးအကြွင်းမဲ့ဖြင့် ကေသစီမန်ဥ ယျာဉ်၌ ယေရှု လုပ်ဆောင်သကဲ့သို့ အကြောင်း အရာအားလုံးကို ဆုတောင်းခြင်းဖြင့်ဖွင့်ထုတ်ပါ (လုကာ ၂၂ : ၂၉ - ၄၆) ဘုရားသခင်ကို စိတ်အား ထက်သန် စွာဖြင့်မရှာဘဲ သိမ်ဖျင်းနေကာ သန့်ရှင်းသော ဝိညာဉ်တော်နှင့် စကားပြော ဆုတောင်းဖို့ရန် ပြင်းပြမှုအားနည်း နေပါက ဘုရားသခင်ကို ဆာငတ်မည့် သင်၏ စိတ်နလုံးက တဖြည်းဖြည်း ပျောက်ဆုံး သွား မည့်အချက်ကို သတိပြုပါ။ အကြောင်းမူကား အကြင်သူသည်ရတတ်၏။ ထိုသူ၌ ကြွယ်ဝပြည့်စုံခြင်းကို ပေးဦးမည် အကြင် သူသည် ဆင်းရဲ၏၊ ထိုသူ၌ရှိသမျှကိုပင် နုတ်လိမ့်မည် (မသဲ ၂၅ : ၂၉)။

ကျွန်ုပ်တို့ ရရှိပြီးသောအရာကို ဘုရားသခင်အတွက် အသုံးမပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်ကို ပြင်းပြသော ဆန္ဒမရှိဘဲ နှလုံးသားထဲမှ ရွှေ့လျော့မည်ဆိုလျှင် ထိုသူ၌ရှိသမျှကို နုတ်လိမ့်မည်ဖြစ်သည်။ ထို့ ကြောင့် ဘုရားသခင်၌ အားနည်း မည့်အစား သူအပေါ် ကျေးဇူးချီးမွမ်းလိုက်ပါ၊ ရှေးဦးစွာ ကျမ်းပိုဒ်ဖော်ပြ သည့် အတိုင်း နာခံလုပ်ဆောင် ဖို့ရန် ဖြစ်ပါ သည်။ ဘုရားသခင် ပေးကမ်းသည့် ရရှိခဲ့သောအရာကို အခြားသူများထံ ဝေငှကာ စိတ်နလုံးတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ကို ပြန်လည်တုန့်ပြန်ပါ။ ဤသို့ပြု ခြင်းဖြင့်ကြွယ်ဝသော အသက်တာကိုရရှိပါလိမ့်မည်၊ မည်သို့ ပင်ဖြစ်စေ အောင်မြင်ခြင်း၌အစဉ် အသက် ရှင်ဖို့ရန်ဖြစ်ပါသည်။

သခင့်အပေါ် စောင့်ဆိုင်းပါ

ရှင်လုကာ ၁၀ : ၃၈ - ၄၂ တွင် မာသ၏ အလုပ်အကျွေးပြုခြင်းထက် ဘုရားသခင်ပိုမိုနှစ်သက်သည့် အရာမှာ ကျွန်ုပ်တို့ က သူ့ကိုစောင့်စားခြင်းသည် သူ၏ ခွန်အားက ကျွန်ုပ်တို့အတွက်ဖြစ်လာမည့်အရေးပင်ဖြစ် ပါသည်။ (ဟေရှာယ ၄၀ : ၂၉ - ၃၁) (ဆာလံ ၂၇ : ၁၄) အသွေးအသားဆန္ဒက အချည်းနှီးပင်ဖြစ်ပါသည်။ (ယောဟန် ၆ : ၆၃) ကျွန်ုပ်တို့က ယေဘုယျ

ယုံကြည်သည့်နည်းလမ်းဖြင့် လုပ်ဆောင်သောအခါ ဘုရားသခင် ၏ လုပ်ငန်းစဉ်ကို မကြာခဏ ပျက်စီးစေပါသည်။ ကျွန်ုပ်တို့က အောင့်သက်သက်ဖြင့် ခါးသီးနာကျည်းခြင်းနှင့် ပူပန်ကြောက်ရွံ့ခြင်းအပေါ် ဘုရားသခင်၏ ချုံ့မြဲခြင်းကိုရရှိဖို့ရန် သူ၏ တန်ခိုးတော်နှင့် ပညတ်တရားက ကျွန်ုပ်တို့ အသက်တာ၌ လွှမ်းမိုးလာသည့် အချိန်ထိတိုင် သူ့ကို စောင့်စားစေလိုပါသည်။

ခပ်သိမ်းသောအရာအားလုံးကို ချစ်ခြင်းမေတ္တာဖြင့်

ခပ်သိမ်းသောအရာကို ချစ်ခြင်းမေတ္တာဖြင့်လုပ်ဆောင်ပါ (၁ကော ၁၆ : ၁၄) ခပ်သိမ်းသော အရာကို ကျွန်ုပ်တို့က ချစ်ခြင်း မေတ္တာဖြင့် မလုပ်ဆောင်သည့်အချက်ကို သတိပြုမိပါက ချစ်ခြင်းမေတ္တာဖြင့် လုပ်ဆောင်ဖို့ တွေးတောဖို့ ဆုတောင်းဖို့နှင့် ပြောဆို လုပ်ဆောင်ဖို့ရန် လမ်းမှန်သို့ နောင်တရလျက် ဘုရားသခင်၏ ပံ့ပိုးမှုကို ရယူပါ။ ဘုရားသခင်၏ လုပ်ငန်းထဲတွင် ကျွန်ုပ်တို့က အထူးပင်လုံးပမ်းလျက် လုပ်ဆောင်သောအချိန်တွင်လည်း သူ့ရှေ့၌နှိမ့်ချစွာဖြင့် နာခံလိုက်လျောက်ကာ ဆုတောင်းထောပနာပြုခြင်းကို အမြဲမစောင့်ရှောက်ပါက ကျွန်ုပ်တို့၏ အသက်တာထဲတွင် ချစ်ခြင်းမေတ္တာက အလွယ်တကူပင် ပျောက်ဆုံးသွားနိုင်ပါသည်။

ထို့ကြောင့်အမြဲပင် သတိပေးနှိုးဆော်ကာ ဆုတောင်းခြင်းကို ထိန်းသိမ်းစောင့်ရှောက်လျက် စိတ်နှလုံး ထဲ၌ ထင်ရှားလာသော စာတန်၏ လှည့်ကွက်ကို တွေ့မြင်ပါ။ ဇာတိပကတိလူဟောင်း၏ ဆန္ဒပေါ်ထွက်လာ စေသောအရာကို သတိ ထားပါ။ ကျွန်ုပ်တို့လုပ်ဆောင်ချက်၏ အကျိုးရလာဒ်ကိုကြည့်ရှုပါ။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်၊ ပြုမူကျင့်ကြံမှုများသည် ဘုရားသခင်၏ ဘုန်းတော် ထင်ရှားဖို့ရန် စိတ်အမြင်တစ်ခုလုံးကို မြှုပ်နှံပါ။ ဘုရားသခင်က ကျွန်ုပ်တို့၏ အပြစ်များကိုဝန်ချကာ စွန့်ပစ်ပြီး သူ၏ မျက်မှောက်တော်၌ နှိမ့်ချစွာ ဖြင့် လျှောက်လှမ်းနိုင်ဖို့ရန် ခရစ်ယာန်သားသမီးအားလုံးကို ပံ့ပိုးပါစေ။

၁ကော **၁၃** တွင် ဘုရားသခင်၏ စစ်မှန်သော ချစ်ခြင်းမေတ္တာ အကြောင်းကိုဖော်ပြခဲ့ပါသည်။ သတင်း ကောင်းလုပ်ဆောင်ချက်ထဲတွင် ကျွန်ုပ်တို့၏ တက်ကြွသော အနစ်နာခံခြင်းက မကြာခဏပေါ်လွင်ပါသည်။ သိမ်မွေ့သော ရှေးဦးချစ်ခြင်း မေတ္တာက ဤနေရာတွင် ရိုးရှင်းစွာမရှိသောကြောင့် ကောက်ရိုးမျှင် ငုတ်တိုမျှသာ ဖြစ်ပြီး ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအား ပြုမူကျင့်ကြံပြောဆိုခြင်း၊ စူးရှသောဇာတိအမြင်၊ အာရုံ စိုက်သောမျက်နှာထား၏ ဖော်ပြချက်အားလုံးက ညွှန်ပြသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့ကို နှိုးဆော်ခြင်းမဟုတ်ပါ။ကျွန်ုပ်တို့၏ ကိုယ်ပိုင်သဘော ထား(သို့) အခြားသော ဝိညာဉ်တစ်ခုက ပိုမိုဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ အပေါ် သခင်ဘုရားက ပံ့ပိုးကူညီပါစေ။

ကျွန်ုပ်တို့အသက်တာထဲတွင်စစ်မှန်သော ဘုရား၏ ချစ်ခြင်းမေတ္တာကပျောက်ဆုံးသောအခါ လက်ခံနိုင် စရာဖြစ်သော သခင်ဘုရားနှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်တာက အောက်ခြေမှယိုစီးကာ ထွက်ခွာသွားပါသည်။ အရင်နေရာအရပ်ကို အောက်မေ့ကာ နောင်တရလော့။(ဗျာဒိတ် ၂ : ၅)

ဘုရားသခင်က ကျွန်ုပ်တို့ကို မ စ ပါစေ၊ အောက်မေ့သတိရလျက် နောင်တရမည့်အချိန်ကို ကျွန်ုပ်တို့က ရရှိနိုင်ပါစေ၊ အပြစ်သားများအပေါ် ကျွန်ုပ်တို့က မည်သို့မျက်ရည်ကျလျက် ဝမ်းနည်းခဲ့ရသည့်အချက်ကို ပြန် အောက်မေ့ကာ သတိရပါ၊ စစ်မှန်သောဝိညာဉ်ရေးရာဖြင့် ဆုတောင်းချက်ကို စောင့်ထိန်းဖို့ရန် သတိပြုပါ၊ အခြားပူဆွေးနေသော ခရစ်ယာန်များအပေါ် ကျွန်ုပ်တို့က မည်သို့ပြုမူခဲ့သည့်အချက်ကို အောက်မေ့ကာ သူတို့ အတွက် ဆုတောင်းပါ။ ကျွန်ုပ်တို့က မကြာခဏ အမှားပြုမိ (သို့) ခလုတ်တိုက်မိကြသော ကျွန်ုပ်တို့၏ ညီအစ်ကို မောင်နှမများအတွက် ဆုတောင်းမည်အစားစီရင်ခြင်း၊ အပြစ်တင်ခြင်း၊ အတင်းအဖျင်းပြောခြင်းများဖြင့် ပိုမို အပြစ်ထင်ရှားမိကြသော အပြစ်များအတွက် ယခုပင် ဘုရားသခင်က ကျွန်ုပ်တို့က မစပါစေ၊ ကျွန်ုပ်တို့၏ အသက်တာအပေါ် ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ပြန်လည်ရရှိဖို့ရန် မှန်ကန်သော ဝမ်းနည်း

ခြင်းဖြင့် နောင်တရဖို့ရန်သတိရကြပါစို့ (၂ ကော ၇ : ၉ - ၁၁) ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏၊ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌တည်၏၊ ဘုရားသခင်သည်လည်း ထိုသူ၌ တည်တော်မူ ၏။ (၁ယော ၄ : ၁၆) ချစ်သူတို့ ငါတို့အချင်းချင်း ချစ်ကြကုန်အံ့ အကြောင်းမူကား ချစ်ခြင်းမေတ္တာသည် ဘုရား သခင်နှင့် စပ်ဆိုင်၏ (၁ယော ၄ : ၇)။

တစ်ဦးပေါ်တစ်ဦးခွင့်လွှတ်ခြင်း

အခြားခရစ်ယာန်ညီအစ်ကိုများ၏ ပြုမူပြောဆိုခဲ့သောအရာများကို ကျွန်ုပ်တို့က ခွင့်လွှတ်ရမည့် အချိန်က ဘုရား သခင်၏ သားသမီးများအကြား၌ ထူးဆန်းစွာပေါ်လွင်စေရမည့် အချိန်အခါပင်ဖြစ်ပါသည်။ သမာန်ဖြင့်မဟုတ်ဘဲ စစ်မှန်သော ခွင့်လွှတ်ခြင်းရှိရမည်ဖြစ်သည်။ အချင်းချင်း ကျေးဇူးပြုလျက် သနား စုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏ အပြစ်ကို ခွင့်လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ် လွှတ်ခြင်းရှိကြလော့ (ဧဖက် ၄ : ၃၂)

ယေရှုက သူအပြစ်ကို လွှတ်လော့လွှတ်လျှင် ကိုယ့်အပြစ်ကို လွှတ်လိမ့်မည်ဟု ပြောဆိုခဲ့သော စကား က ဆွဲကိုင်ရမည့် အချက်ပင်ဖြစ်ပါသည်။

ငါလာသည့်အချိန်ထိတိုင်အောင် လုပ်ဆောင်လော့

အချိန်ကို အလဟဿ မဖြုန်းဘဲ သခင်ပြန်လာသည့် ရက်ထိတိုင်အောင် စောင့်မျှော်ကာ ဘုရားသခင်၏ အလို တော်အတိုင်း လုပ်ဆောင်ကြဖို့ရန်ဖြစ်ပါသည်။ သတိမရှိသောသူ မဖြစ်အောင် သခင်ဘုရား၏ အလိုတော် ရှိရာကို ပိုင်း၍ သိသောသူ ဖြစ်ကြ လော့ (ဧဖက် ၅ : ၁၇)။

သခင်ပြန်လာသည့်တိုင် လုံလုံခိုက်လျက် အမှုတော်ကို ဝမ်းမြောက်စွာ ဆောင်ရွက်ဖို့ရန်ဖြစ်သည်။ ငရဲမီးအိုင်ရှိ သူဌေး ကြီးထံ သင်အသက်ရှင်စဉ် ချမ်းသာရာရ၏ဟု ပြောဆိုသကဲ့သို့(လုကာ ၁၆ : ၂၅) ဘုရား သခင်၏ သားသမီးများက စစ်မှန်သော ခွန်အား ပံ့ပိုးမှုလိုအပ်နေချိန်တွင် ဘုရားသခင်၏ သတင်းကောင်း ဖြန့်ဝေခြင်းကို လစ်လျူရှုဖို့ရန်မဟုတ်ပါ၊ ယခုအသွေး အသား၏ လိုအင်ဆန္ဒ ကိုကြည့်ကာ စည်းစိမ်ထဲတွင် ယစ်မူးနေဖို့ရန်မဟုတ်ဘဲ ယေရှုပြန်လာသောအချိန်တွင် ကောင်းကြီး မင်္ဂလာ ဆုတောင်းတစ်ခုကိုရရှိဖို့ရန် မျှော်မှန်းဖို့ရန်ဖြစ်ပါသည်။ ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင်မတ်ခြင်းတရားကို ရှေးဦးစွာ ရှာကြလော့ (မသဲ ၆ : ၃၃) ဖြစ်ပျက်လာမည့်အရာကို လစ်လျူမရှုဘဲ သင်၏ အသက်တာနှင့် သက်ဆိုင်သော ခရစ်တော်၏ မိန့်မှာချက်ကို ရှေးဦးစွာလုပ်ဆောင်ပါ၊ သင်၏ အမြင့်ဆုံးသော ရည်မှန်းချက်ပန်းတိုင်အား ဆာငတ်လျက် နက်နဲသော စိတ်နှလုံးသားဖြင့် လုပ်ဆောင်ပါ။

ခရစ်တော်ပြန်လာမည့် လက္ခဏာ

(The Signs Of The Lord's Return)

By David R Reagan

ဟေဗြဲ ၁၀ : ၂၅ တွင် ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့် သာ၍ ကြိုးစားကြလော့ဟု ဖော်ပြ ထားပါသည်၊ ခရစ်တော် ဒုတိယအကြိမ် ကြွမြန်းလာမည့်အချိန်ကို ရည်ညွှန်းထားပါသည်။ ဤစာပိုဒ်က သခင် ဘုရားပြန်လာမည့် အချိန်ကို သေချာစွာညွှန်ပြပြီး မကြာခင်သခင်ပြန်လာမည့်အချိန်၏ တုန်လှုပ်ဖွယ်ရာ အကြောင်းများကို ကျွန်ုပ်တို့အား သတိပေးခြင်း ဖြစ်ပါသည်။ ဤ တုန်လှုပ်ဖွယ်ရာများက မည်သည့်အရာများ ဖြစ်ပါသနည်း။ သမ္မာကျမ်းစာက စောင့်မျှော်ဖို့ရန် ပြောကြားသော နိမိတ်လက္ခဏာများကကော မည်သည့် အရာများဖြစ်ပါသနည်း။

နိမိတ် လက္ခဏာ၏ သဘောသဘာဝ

အရပ်ရပ်တို့၌ ကြီးစွာသောမြေလှုပ်ခြင်း၊ အစာခေါင်းပါးခြင်း၊ ကာလနာ များပြားခြင်းတို့သည် ဖြစ်ကြ လိမ့်မည်။ မိုးကောင်းကင်၌လည်း ကြောက်မက်ဖွယ်သော အရာများနှင့် ကြီးစွာသော ပုပွနိမိတ်တို့သည် ပေါ်ထွန်းကြလိမ့်မည်(လုကာ ၂၁ : ၁၁)။

ဤနိမိတ်လက္ခဏာ အမျိုးအစားများက ယုံကြည်သူများအကြားတွင်လည်း အမြဲသတိပြုရမည့် အရာဖြစ် ပါသည်။ ဤဖော်ပြချက် နှုတ်ကပတ်တော်နှင့် ယှဉ်တွဲလျက် စကားရပ်တစ်ခုက အမြဲပေါ်လာပါသည်။ မည်သည့် သတင်းပေါ် လာပါသနည်း။ မြေငလျင်လှုပ်ခြင်းများ၊ လေဆင်နှာမောင်းများနှင့် သမုဒ္ဒရာမှ ဖြစ်ပေါ် လာသည့် လေပြင်းမုန်တိုင်းများက အမြဲပင် ပေါ်လာပါသည်။ သို့သော် ဤအကြောင်းများကို မှေထားတတ်ကြ ပါသည်။ ယေရှုက ဤသို့သော အကြောင်းအရာ များကိုပြော ဆိုခဲ့ပြီးဖြစ်ပါသည်။(မသဲ၂၄း၈)

ဤအဖြစ်အပျက်များကမကြာခဏတိုးပွားပြီး ပြင်းထန်သောအခါ သခင်ကြွမြန်းလာမည့်အချိန်က ပိုမိုနီးကပ်လာပြီဖြစ် ကြောင်းကို ကျွန်ုပ်တို့က ခန့်မှန်းနိုင်ပါသည်။ အခြားတစ်ဖက်တွင် သဘာဝရောဂါများကလည်း ပိုမို ဖြစ်ထွန်းလာမည်ဖြစ်သည်။ ဤ အရာများက တစ်ကယ်ပင် ဖြစ်ပျက်လာနေပြီဖြစ်သည်။

လူထု၏ လက္ခဏာ

ယေရှုက သူပြန်လာမည့်အချိန်တွင် နောဧ လက်ထက်ကဲ့သို့ပင် လူအများက ဖြစ်ကြလိမ့်မည်ဟု ပြောဆိုခဲ့ပါသည်။ (မသဲ ၂၄ : ၃၇) ဓမ္မဟောင်းကျမ်းထဲတွင် နောဧ ခေတ်၌ လူအများ၏ စိတ်နှလုံးက ဆိုးသွမ်း မိုက်မဲမှုနှင့် ပြည့်နေသည့်အဖြစ်ကို တွေ့ရှိရပါသည်။ (ကမ္ဘာ ၆ - ၅ - ၁၃) ရောမ ၁ : ၁၈ - ၃၂ တွင် လူအများ ၏ လွန်ကျူးမှုများ၊ မတရားမှုများ၊ ဖောက်ပြန်မှု များ အကြောင်းကို ဖော်ပြထားပါသည်။ ဤစာ ကြောင်းတွင် ရှင်ပေါလုက ဤပြဿနာများ၏ အရင်းအမြစ်မှာ ဘုရားသခင်ကို ငြင်းဆန်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

သူတို့သည် စစ်မှန်သော ဘုရားသခင်အရာ၌ အမှားကိုထားလျက် ဖန်ဆင်းတတ်သော သခင်ကို ပယ်၍ ဖန်ဆင်း အပ်သော အရာကို ဝတ်ပြုကိုးကွယ်သောသူဖြစ်ကြ၏။(ရောမ ၁:၂၅) တစ်ခြားစကားလုံးဖြင့် ပြောရ မည်ဆိုလျှင် သူတို့၏ ယုံကြည်ချက်ကို လူအပေါ်တွင်ချထားကြပါသည်။ စာတန်၏ သဘောတရား ဖြစ်သော လောကီရေးရာအပေါ် သူတို့က သစ္စာခံ ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် သူတို့သည် မိမိတို့ကိုယ်ကာယ၏ အသရေကို အချင်းချင်း ရှုတ်ချမည့်အကြောင်း ဘုရား သခင်သည် သူတို့ကို သူတို့၏ ကိလေသာ စိတ်ညစ်ညူးခြင်းလက်သို့ အပ်လိုက်တော်မူ၏ (ရောမ ၁ : ၂၄) ဟု ရှင်ပေါလုက ဖော်ပြခဲ့ ပါသည်။ ကိလေသာ အပြစ်ချိုးဖောက်မှုတစ်ခု၏ အကျိုးဆက်ဖြစ်သော မှောက်မှားခြင်း နှင့် သူမယားကိုပြစ်မှားခြင်း အကျိုး ရလာဒ်ကို ဖြစ်စေခဲ့ပါသည်။ ထိုသို့ပြုကြသောကြောင့် ဘုရားသခင်သည် သူတို့ကို ရွက်ကြောက်ဖွယ်သော ကိလေသာ လက်သို့ အပ်လိုက်တော်မူ၏ (ရောမ ၁ : ၂၆)

ဤသို့သော အကြောင်းတရားများကြောင့် ယောကျ်ားတို့သည်လည်း မိန်းမနှင့် ဆက်ဆံခြင်း၊ ပကတိ ထုံးစံကို စွန့်၍ အချင်းချင်း ကိလေသာ စိတ်ပူလောင်သဖြင့် ရုက်ကြောက်ဖွယ်သော အမှုကို ယောကျ်ားချင်း ပြုလျက် မိမိတို့ မှားယွင်းခြင်းနှင့် အလျောက် မိမိတို့အပြစ်ဒဏ်ကို ခံကြရ၏ (ရောမ ၁ : ၂၇)။

ထိုသူတို့သည် ဘုရားသခင်ကို မသိမှတ်လိုသည်ဖြစ်၍ မလျောက်ပတ်သော အမှုကို ပြုစေမည့် အကြောင်း ဘုရားသခင်သည် သူတို့ကို မောဟလက်သို့ အပ်လိုက်တော်မူသည်နှင့်အညီ သူတို့သည် အလုံးစုံ သော အဓမ္မကျင့်ခြင်း၊ မတရားသော မေထုန်ကိုပြုခြင်း၊ ဆိုးညစ်ခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ ငြူစူခြင်း၊ သူတစ်ပါးကို အပြစ်မြင်ခြင်း တို့နှင့် ပြည့်စုံသောဆဲရေးသောသူ၊ ဘုရားသခင်ကို မုန်းသောသူ၊ ကြမ်းတမ်းသောသူ၊ မာန ထောင်လွှားသောသူ၊ ဝါကြွား သောသူ၊ မတတ်ကောင်းသောအတတ်ကို စီရင်သောသူ၊ မိဘ၊ သားမယားစသည်တို့ကို မချစ်တတ်သောသူ၊ ရန်ငြိုးထား သောသူ၊ သနားခြင်း ဂရုဏာစိတ် မရှိသောသူဖြစ်ကြ၏ (ရောမ ၂၈ – ၃၁)

ဆက်လက်ပြီး ရှင်ပေါလုက တေမောသေ ဒုတိယစောင် **၃ : ၁ – ၅** တွင် ပရောဖက်တစ်ဦးကဲ့သို့ ပြောဆိုသည့် အရာမှာ လူအဖွဲ့အစည်းတွင် နောက်ဆုံးသော ကာလတွင် ဖြစ်ပျက်လာမည့် အကြောင်းကို ဖြစ်ပါသည်။ ယေရှုဖော်ပြခဲ့သည့် သူပြန်လာမည့်အချိန်တွင် လူအဖွဲ့အစည်းထဲတွင် နောဧခေတ်က ဆိုးသွမ်းခြင်းကဲ့သို့ပင်ဖြစ်မည့်အကြောင်းကို သူက ထပ်မံအတည်ပြုခဲ့ပါသည်။ ရှင်ပေါလုက နောက်ဆုံးသော ကာလ၌ လူအများ၏ အကျင့်စရိုက်က အလွန်ဆိုးသွမ်းမည့် အကြောင်းကိုပြောဆိုခဲ့ပါသည်။ (၂ဟေ ၃ : ၁) ဤ လူအသိုင်းအဝိုင်းထဲတွင် ကိုယ့်အကျိုးကိုယ်ရှာခြင်း, ငွေကြေး, ပျော်ရွှင်မှု စသည့် အချက်သုံးချက်ဖြင့် အသက်ရှင်ကြလိမ့်မည်ဖြစ်သည်။ (၂ ဟေ ၃ : ၂ – ၄) ဤနေရာတွင် ရှင်ပေါလု ရှင်းလင်းသည့် အရာမှာ ဘာသာရေး၊ နတ်ဆိုးနှင့် နောက်ဆုံးကာလ လူအသိုင်းအဝိုင်း၏ အသက်တာပုံစံပင်ဖြစ်ပါသည်။

ဘာသာတရားကလည်း နောဧအချိန်ကဲ့သို့ပင် ထပ်တူဖြစ်ပါလိမ့်မည်။ လူကိုအခြေပြုသည့်ဝါဒဖြစ်သော ကိုယ့်ကို ကိုယ်ချစ်ခြင်း။ ဤဝါဒဖြစ်သည့်အခါတိုင်းတွင် နက်ဆိုးက အမြဲပင်တန်ဆာပလာဖြစ်ပါသည်။ ငွေကိုချစ်ခင်ခြင်း တန်ဆာပ လာက နတ်ဆိုးဖြစ်လာသောအခါ အသက်တာကလည်း အမြဲပင်အပျော်အပါးလိုက်စားခြင်း၊ ပျော်ရွှင်မှုကို နှစ်သက်ခြင်း ပုံစံဖြစ်လာမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာသုံးမျိုး- ကိုယ့်အကျိုး ငွေကြေးနှင့်ပျော်ရွှင်ခြင်းသည် စာရိတ္တက ဘုရား တရားမဲ့ ဝါဒနှင့် ပေါင်းစည်းလာမည်ဖြစ်သည်။ ဤအရာသည် ဆိုးကျိုး၏ ရလာဒ်ပင်ဖြစ်ပါသည်။ မိမိ စိုက်သည့်အတိုင်း ရိတ်ရ မည်ဖြစ်သည် (ဂလာတိ ၆ : ၇) လူကိုအခြေပြုသော ဝါဒမှာ ပျော်ရွှင်ခြင်းသို့ ပျောက်ကွယ်ခြင်းပင်ဖြစ်ပါသည်။ ရှင်ပေါလုက အကျိုးရလာဒ်ကို စကားလုံးဖြင့် အသေးစိတ်ရှင်းလင်းခဲ့ပါသည်။

လူတို့သည် ကိုယ့်ကို ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကား သောသူ၊ သူ့အသရေကို ရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ကျေးဇူးမရှိသောသူ, သန့်ရှင်းခြင်း မရှိသောသူ၊ ပကတိ ကြင်နာစုံမက်ခြင်းနှင့် ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ် ကျွန်ခြေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကုန်းကို မုန်းသောသူ စသည်ဖြင့် ၂တိ ၃ : ၂ – ၃ တွင်ဖော်ပြခဲ့ပါသည်။

ဤအချက်များက နားဝင်ချိုပါသလား။ ထိတွေ့စရာကောင်းပါသလား။ ဤအရာများက ကျွန်ုပ်တို့ အတွက် ညနေခင်း ၏ လေပြေသတင်းကဲ့သို့ဖြစ်နေပါသည်။ ကျွန်ုပ်တို့ကတော့ ကိုယ့်ကိုကိုယ် ခရစ်ယာန် ဘောင်တစ်ခုတွင် ရှိသောသူများအဖြစ်

ပြောဆိုကြပါသည်။ သို့သော် ကျွန်ုပ်တို့၏ ဘာသာတရားက လူကို အခြေပြုသည့်ဝါဒဖြစ်နေပါသည်။ ကျွန်ုပ်တို့နိုင်ငံက ငွေကြေးဒေါ်လာကို တန်ဆာပလာအဖြစ် ဝတ်ပြု ကိုးကွယ်နေသော နိုင်ငံတစ်ခုဖြစ်ပါသည်။ ကြီးမားသောအားကစားများ၊ ဘာသာရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး လုပ်ငန်းများကို စိတ်၌ အရင်းခံကာ တွန်းအားပေးခြင်းသည် လောဘတက်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသက်တာက အပျော်အပါးလိုက်စားသည့် ပုံစံဖြစ်နေသည်ကို အထူးပြောစရာမလိုပါ။ ကောင်းသည်ဟု ထင်မြင်လျှင် လုပ်ဆောင်နိုင်ပါသည်။ ကျွန်ုပ်တို့၏ ခေတ်ကာလက တွေးခေါ်တတ်သော ကာလဖြစ်ပါသည်။

ဆိုးရွားမှုတစ်ခုမှာ တင်ဆက်သော ရုပ်ရှင်၊ ရုပ်မြင်သံကြား အစီအစဉ်များအားဖြင့် ကျန်ရှိသော လောက ရေးရာ၏ အသက်တာပုံစံနှင့် အခြားသော အယူဝါဒ၏ အရည်အသွေးကို ကျွန်ုပ်တို့က တင်ပို့နေကြခြင်းဖြစ် ပါသည်။ အမေရိကတွင် ငွေ၊ လိင်မှုရေးရာနှင့် အာဏာကို မက်မောကြပြီး အာဏာက လောက၏ တပ်မက်မှု ဖြစ်လာပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့က စိုက်သည့် အတိုင်းပင် ရိတ်ကြရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ လူ့ အသိုင်း အဝိုင်း၌ အရက်သေစာ၊ မူးယစ်ဆေးဝါး၊ လိင်မှုကိစ္စ၊ အကြမ်းဖက်မှုများဖြင့် ပြည့်နှက်ကာ သူတို့၏ အသက်တာတွင် ဟာ ကွက်နှင့်ပြည့်ဖို့ရန် ရှာဖွေနေသော လူတွေဖြစ်ကြသောကြောင့် ပျက်စီးခြင်းက ဝါးမျိုနေ ပြီဖြစ်ပါသည်။ ကြိုတင် ပရောဖက်ပြုချက်များက ကျွန်ုပ်တို့၏ မျက်စိရှေ့မှာပင် ပြည့်စုံနေပြီဖြစ်သောကြောင့် ယေရှုက မကြာခင် ကြွမြန်း လာမည်ပင်ဖြစ်ပါသည်။

ဝိညာဉ်ရေးရာနှင့် သက်ဆိုင်သော လက္ခဏာ

ဝိညာဉ်ရေးရာနှင့်ပတ်သက်သော လက္ခဏာက အမျိုးမျိုးရှိနေပါသဖြင့် ကျွန်ုပ်တို့က ကောင်းနှင့် အဆိုး နှစ်မျိုးစလုံးကို သေချာစွာ ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။ အဆိုးလက္ခဏာနှင့် ပတ်သက်ပြီး ၂တိ၄ : ၃ - ၄ တွင် ဤသို့ ရှင်းလင်းထားပါသည်။ အကြောင်းမူကား နောင်ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကို နာမခံနိုင်ဘဲ ယားတတ်သော နားရှိလျှင် မိမိ တပ်မက်ခြင်းအတိုင်း များပြားသော အရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွား ကြလိမ့်မည်။ ထို့အပြင် အောက်တွင် ဤသို့ ဆက်လက်ရှင်းလင်းပါသည်။ ခရစ်တော် အယောင်အဆောင်များ၊ မှားယွင်းသော အုပ်စုများ၊ မိစ္ဆာပရောဖက်များ၊ အယူဝါဒကို စွန့်ပယ်သူများ၊ လှည့်ဖြားသော သူများကို ထည့်သွင်းဖော်ပြထားပါသည်။ ယေရှုက မကြာခဏ ဖော်ပြသည့် အရာတစ်ခုမှာ ခရစ်တော် အယောင်ဆောင် များနှင့် အယူဝါဒ မှားယွင်းသော အုပ်စုဖြစ်ပါသည်။ (မသဲ ၂၄ : ၅, ၁၁,၂၄) ဤမိန့်မှာချက်များ ပြည့်စုံသည့် အကြောင်းကို မှားယွင်းသော အယူဝါဒတိုးပွားလာခြင်းအားဖြင့် ကျွန်ုပ်တို့က လက်တွေ့ တွေ့ကြုံခဲ့ကြ ပါသည်။

ဤသို့ဖြင့် ခရစ်ယန်ဝါဒ၏ အဓိကလမ်းကြောင်းများစွာက မှားယွင်းသော အယူဝါဒ၏ ဝါးမျိုခြင်းကို ခံခဲ့ရ ပါသည်။ ဂိုဏ်းဂဏများစွာက ကျမ်းစာ၏ အခွင့်အာဏာကို ငြင်းပယ်ကြပြီး အချို့အဖွဲ့အစည်းများကလည်း သတင်း ကောင်း၏ ဂတိတော်တစ်ခုဖြစ်သော ကျန်းမာခြင်း၊ ကြွယ်ဝခြင်းနှင့် တန်ခိုးတော်များကို ငြင်းပယ်ကြပြန်ပါသည်။ ထို့အပြင် အသင်းတော်များစွာက သမ္မာကျမ်းစာ၏ သင်ကြားချက်မှ ပုရဟန် Pop ၏ ကြေညာချက်နောက်ကို လိုက် လျှောက်ကြပါသည်။ လိုအပ်ချက်အမှန်မှာ လူတွေက သူတို့၏ အပြစ်များကို တွေ့ရှိပြီး ခရစ်တော်ကို ယုံကြည်သည့် မျှော်လင့်ချက်တစ်ခုကသာလျှင် အဓိက လိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင် နုတ်ကပတ်တော်၏ ရပ်တည်ချက်ကို မြည်းစမ်းဖို့ရန်အတွက် သင်ကြားပြသဖို့ရန်လည်း သူတို့အတွက် လိုအပ်သော အရာဖြစ်ပါသည်။ တမန်တော် ရှင်ပေါလု သင်ကြားသည့်အတိုင်း လုပ်ဆောင်ဖို့

ရန်ဖြစ်သည် (တမန် ၁၇ : ၁၀ – ၁၁) စစ်မှန်သော ခရစ်ယာန်များ – ယုံကြည်ချက်ဖြင့် အသက် ရှင်နေသူများက မှားယွင်းသော အရာများကို ဆန့်ကျင်ဖော်ထုတ်ကာ သမ္မာတရားဖြင့် ရပ်တည်သောကြောင့် ညှင်းပမ်းနှိပ်စက်ခြင်းများစွာကို ခံစားခဲ့ကြ ရပါသည်။ သူတို့၏ အမှန်တရားများကို ကျောင်းများတွင် ငြင်းပယ်ခြင်းခံခဲ့ရပါသည်။ လုပ်ငန်းခွင်တွင်လည်း ခွဲခြား ဆက်ဆံခြင်းကို ခံခဲ့ရပြီး ဆက်သွယ်မှု ကဏ္ဍ၌လည်း ဝေဖန် ဆန့်ကျင်မှုကို ခံကြရပါသည်။

စာတန်က လှည့်ပတ် ချောင်းမြောင်းနေသောသူဖြစ်သည်။ ကျမ်းစာ၏ ပရောဖက်ပြုချက်များကို သူက သိရှိနေပါသည်။ သူ၏ တိုတောင်းသည့် အချိန်ကိုလည်း သိရှိနေပါသည်။ ထို့ကြောင့် အသင်းတော်ကို လက်စား ချေကာ တိုက်ခိုက်နေပါသည်။ လူထုအကြားတွင် စာတန်ဝါဒဖြင့် ရှုပ်ထွေးစေလျက် တစ်စုံတစ်ခုကို လုပ်ဆောင်ဖို့ရန် ကြိုးစားနေပါသည်။ စာတန်ဝါဒ၏ အချက်အလက်များမှာ စာအုပ်စာပေများ, ရုပ်ရှင်များ, ရုပ်မြင်သံကြား အစီအစဉ်များနှင့် တေးဂီတအပေါ် စိုးမိုးဖို့ရန်ဖြစ်ပါသည်။ လူတွေက နက္ခတ်ဗေဒင်၊ ဗေဒင်တွက်ချက်ခြင်း၊ လူညာဏ်ဖြင့် မမှီသောတွေးခေါ်သုံးသပ်ချက်များအနာဂတ်ကို ကြိုတင် ဟောခြင်းများနှင့် အခြားထင်ရှားသည့် လှိုဏ်ဂုဟာနက်နဲသည့် အရာများကို စိတ်ဝင်စားကြပါသည်။ ဤသို့ အဆိုးလက္ခဏာ ဆောင်သော အရာများက တစ်ကယ့်ကို မှားယွင်းသည့် လက္ခဏာများ ဖြစ်ပါသည်။ ဤကဏ္ဍက လူတို့၏ ဝိညာဉ်ရေးရာကို ကျဆင်းစေပါသည်။ ထို့ကြောင့် အကောင်းလက္ခဏာဆောင်သော ကောင်းသည့် ဝိညာဉ် ရေးရာ၏ လက္ခဏာဖက်သို့ ဦးလှည့် ကြဖို့ရန်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်းသို့ သတင်းကောင်းဖြန့်ဝေခြင်းက ကောင်းသော လက္ခဏာတစ်ခုဖြစ်ပါသည်။**(မဿဲ ၂၄ : ၁၄)** ယနေ့တွင် ဂြိုလ်တု၊ တယ်လီဗီးရှင်း၊ ရေဒီယိုလှိုင်းများအားဖြင့် ခေတ်သစ်နည်းပညာက ပြည့်စုံသော အချိန်ဖြစ်ပါသည်။ ပေါ်ထွန်းလာသော ကွန်ပျူတာ နည်းပညာဖြင့် နုတ်ကပက်တော်ကို ဘာသာရပ် အထောင်အသောင်းဖြင့် ဒေသအလိုက် ဘာသာစကားဖြင့် ဘာသာပြန်နိုင်ပြီဖြစ်သည်။ အခြားကောင်းသော လက္ခဏာမှာ ကျမ်းစာ၏ ကြိုတင် ပရောဖက် ပြုချက် များကိုလည်း နှိုင်းယှဉ်သဘောပေါက်မှုက တိုးပွားလာခြင်းပင်ဖြစ်သည်။ နောက်ဆုံးသောကာလနှင့် ပတ်သက်သည့် ပရောဖက်ပြုချက်များစွာက ဝေငှသော သူကပင် နားမလည်နိုင်သော အရာများဖြစ်ပါသည်။ ဥပမာ – ဒံယေလက စံပြနမူနာ ဖြစ်ပါသည်။ ဘုရားသခင်က သူ့အပေါ်တွင် နောက်ဆုံးသော ကာလနှင့် သက်ဆိုင်သော အရာများကို ဖွင့်ပြခဲ့ပါသည်။ သူက မေးမြန်း သောအခါ ဘုရားသခင်က စိုးရိမ်ခြင်းမရှိပါနှင့် ဤစကားလုံးများသည် အခုကုန်ရသည့် ကာလတိုင်အောင် ပိတ်၍ တံဆိပ်ခတ်လော့ဟု ပြောဆိုခဲ့ပါသည်။ **(ဒံယေလ ၁၂ : ၄, ၁၉) –**

ကျွန်ုပ်တို့အတွက် ဘုရားသခင် ပြန်လာမည့် နေ့ရက်က ပိုမိုနီးကပ်လာကြောင်းကို ကျမ်းစာ၏ ဖော်ပြချက်များကြောင့် ပိုမိုသဘောပေါက်လာကြပါသည်။ ပိုမိုသဘောပေါက် နားလည်ရသည့် အချက်မှာ လောက၏ ဖြစ်ပျက်မှုများကြောင့်ပင် ဖြစ်ပါသည်။ ကျသရေလနိုင်ငံ ပြန်လည်တည်ထောင်ခြင်းအကြောင်း, အခြားလှို့ဝှက်ချက်များက ပရောဖက်ပြုချက်များကို ခေတ်သစ် နည်းပညာစနစ်၏ တိုးတက်မှုများဖြင့် သိကျွမ်းနိုင်ပါသည်။ သို့သော ဤအရာများထက် ပိုမိုသဘောပေါက် လာနိုင်သည့် အချက်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ မီးမောင်းထိုးပြခြင်းကြောင့် ဖြစ်ပါသည်။ အသစ်သော ဖော်ပြချက်ဖြင့် မပေးပါ။ ဘုရားသခင်ပေးခဲ့သော နုတ်ကပက်တော်၏ ဖွင့်ပြချက်နှင့် သက်ဆိုင်သော အရာများကိုသာ ဖွင့်ပြသိကျွမ်း စေပါသည်။

နောက်ဆုံးသော ကာလ သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းမည့် အချိန်ကို ပရောဖက်ယောလက စတင် ပရောဖက်ပြုခဲ့ပါသည်။ သူက နောက်မိုးရွာခြင်း (ယောလ ၂ : ၂၃) ဟု ပြောဆိုပါသည်။ သူက ယုဒလူမျိုးများ ပြည်တော်သို့ ပြန်လာပြီးနောက်တွင်ဖြစ်လာမည့် အကြောင်းပြောဆိုခဲ့ပါသည်။ ကျသရေလ လူမျိုးများ၏ အခြေ အနေက ၁၉၄၈ တွင် ပြန်လည်ထူထောင်ခဲ့ပြီးဖြစ်ပါသည်။ ထိုအချိန် ကတည်းမှ ဘုရား သခင်က အမှုတော်ဆောင်များကို ဘိတ်သိက်ကာ ဝတ်ပြုခြင်းကို ပြန်လည်ဆန်းသစ်မှုနှင့် ဝိညာဉ်တော်၏ ဆု ကျေးဇူးများကို ဆက်လက်ပေးကမ်းပြီး အရှိန်တိုးမြှင့်ကာ ထင်ရှားစေခဲ့ပါသည်။

လောကနိုင်ငံရေးလက္ခဏာများ

သင်တို့သည် စစ်တိုက်ခြင်း အကြောင်းကို လည်းကောင်း၊ စစ်တိုက်အံ့သော သတင်းစကားကို လည်းကောင်း ကြားရကြလိမ့်မည်။ သို့သော်လည်း စိုးရိမ်တုန်လှုပ်ခြင်း မရှိစေခြင်းငှာ သတိပြုကြလော့။ ထိုအမှုအရာများသည် ဖြစ်ရမည်။ သို့သော် အဆုံးမဖြစ်သေး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ဖက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာ များပြားခြင်း, မြေကြီးလှုပ်ခြင်း တို့ သည် ဖြစ်ကြလိမ့်မည် (မသဲ ၂၄ : ၆ – ၇)။

ကျွန်ုပ်က အချိန်ပြည့် အမှုတော်ဆောင်တစ်ဦး အနေဖြင့် မဝင်ရောက်ခင် နှစ်(၂၀)ခန့် နိုင်ငံတကာ၏ နိုင်ငံရေး အကြောင်းများကို လေ့လာသင်ကြားခဲ့ပါသည်။ အထူးသဖြင့် ဤအစိတ်အပိုင်းက ကျွန်ုပ်တို့နှင့် ထိတွေ့ ကျွမ်းဝင်မှုရှိနေပါသည်။ ကျမ်းစာ၏ ပရောဖက်ပြုချက်များက အလွန်တိကျသော နောက်ဆုံး ကာလ ၏ လောက နိုင်ငံရေး အခြေအနေကို မီးမောင်းထိုးပြခဲ့ပါသည်။ ကျသရေလများ၏ ပြန်လည်ထူထောင်ခြင်း (ယေလကျေလ ၃၇ : ၂၁ - ၂၂) အိမ်နီးချင်း အာရပ် မဟာမိတ်များ၏ ဝိုင်းရံတိုက်ခိုက်ခြင်း (ယေလကျေလ ၃၅: ၁-၃၆:၇) ဤ ကျမ်း ချက်များက ၁၉၄၈ မေလ၌ ကျသရေလနိုင်ငံ၏ လွတ်လပ်ရေးကြေညာချက် စတင် သည့် အရှေ့အလယ်ပိုင်း၌ တစ်ကယ်ပင် ဖြစ်ပျက်ခဲ့သော အခြေအနေပင်ဖြစ်ပါသည်။

ယေလကျေလ ၃၈ : ၆ တွင် မြောက်ပိုင်း အစိတ်အပိုင်းတစ်ခု၌ရှိသော အင်အားကြီး နေရာတစ်ခုမှ ကျသရေလကို ခြိမ်းခြောက်မည့် အကြောင်းကို ဖော်ပြထားပါသည်။ ယေလကျေလ ၃၈ ဖော်ပြချက်နှင့် ကိုက်ညီသော နိုင်ငံသည် ယနေ့ခေတ် ရုရှနိုင်ငံကို သာလျှင် အဓိပ္ပါယ် ပြန်ဆိုနိုင်စရာ ရှိနေပါသည်။ ဥ ရောပနိုင်ငံများ၏ ပြန်လည်ပေါင်းစည်းမည့် အချက်ကိုလည်း ပရောဖက်ပြုထားပါသည်။ (ဒံယေလ ၇ : ၇ – ၈ , ၂၄)

ထို့ကြောင့် စစ်နှင့် စစ်၏ ကောလဟာလများဖြင့် ကမ္ဘာ့အရေးအခင်းကို ခန့်မှန်းနိုင်ပါသည်(**မသဲ ၂၄:၆**) တိုင်းနိုင်ငံများကလည်း နိုင်ငံတကာ နိုင်ငံရေးရိုက်ခတ်မှုဖြင့် ချည်နှောင်ကာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆန့်ကျင်ခြင်းက အမြဲဦးဆောင်နေပါသည် (မသဲ ၂၄ : ၁၂) ဤ ပရောဖက်ပြုချက်တစ်ခုက ပေါ်ထွက်လာ သော ခေတ်သစ် အကြမ်းဖက်မှုနှင့်နိုင်ငံတကာ ရှုထောင့်ပေါ်တွင် ပြည့်စုံနေပြီဖြစ်သည်။ သို့ဖြစ်သောကြောင့် နောက်ဆုံးသော ကာလ၏ အရိပ်ပုံသဏ္ဌာန်က ထွက်ပေါ်လာနေပြီဖြစ်သော ဤကမ္ဘာကြီးတွင် ကျွန်ုပ်တို့ ရှင်သန် ရပ်တည်နေသည့် အချက်ကတော့ သံသယရှိစရာ မလိုသော အချက်ပင်ဖြစ်သည်။

ကြာသရေလလူမျိုးများ၏ လက္ခဏာ

ထိုကာလအခါ၌လည်း ထိုမြို့ကို လူမျိုးအပေါင်းတို့အား လေးသောကျောက်ဖြစ်စေမည်။ ထိုကျောက် ချီသောသူ အပေါင်းတို့သည် ကျိုးပဲ့ကြေမွကြလိမ့်မည်။ လောကီသားအမျိုးမျိုးတို့သည် ဂျေရုဆလင်မြို့ တဘက်၌ စုဝေးလျက်ရှိကြလိမ့်မည် (ဇာခရိ ၁၂ : ၃)။

နိမိတ်လက္ခဏာတွင် ကြာသရေလလူမျိုးများက အားလုံးထဲတွင် အထူးအရေးပါသည့် အချက်အား ဖော်ပြပါသည်။ အကြောင်းမှာ ယုဒလူမျိုးများက ဘုရားသခင် ပရောဖက်ပြုသော ဒိုင်းခွက်ဖြစ်ပါသည်။ ဆိုလိုသည့် အချက်မှာ ကျမ်းစာက အနာဂတ်တွင် ဖြစ်လာမည့် ပရောဖက်ပြုချက်တစ်ခုနှင့် မကြာခဏ တွဲချည်သည့်အရာက ယုဒလူမျိုးများထံသို့ ဖြစ်ပျက်လာမည်ဖြစ်သည်။ ယုဒလူမျိုးများကို စောင့်ကြည့်ဖို့ရန် ပရောဖက်ပြုချက်များက သူတို့ထံပေါ်ထွက်လာသော အချိန်တွင် အခြားပရောဖက်ပြုချက်များလည်း ပေါ်လာလိမ့်မည်မှာ အသေအချာ ပင်ဖြစ်ပါသည်။ သာဓက အနေဖြင့် လုကာ ၂၁ : ၂၄ တွင် တွေ့ရှိနိုင်ပါသည်။

ယေရှု၏ ပရောဖက်ပြုချက်အရ ယုဒလူမျိုးများက ဂျေရုဆလင်မှ အသီးသီးထွက်ခွာပြီး တိုင်းနိုင်ငံ အသီးသီးသို့ ခေါ်ဆောင်ခြင်းခံရကာ ပျံ့နှံ့လိမ့်မည်ဖြစ်သည်။ သို့သော် သူက ထပ်မံပြီး တစ်နေ့တွင် ဂျေရုဆလင်သို့ ပြန်လည် စုရုံးကြမည်ဖြစ်ပြီး ဤအချိန်ရောက်လာသောအခါ နောက်ဆုံးသော ကာလက ရောက်ရှိလာကာ သူပြန်လာမည့် အချိန်က ရောက်ရှိလာမည်ဖြစ်သည်။ နောက်ဆုံးသောကာလ ယုဒလူမျိုး များနှင့် ပတ်သက်သည့် ပရောဖက်ပြုချက်များက များစွာရှိပါသည်။ ၂၀ ရာစုထဲတွင်လည်း များစွာပင် ပြည့်စုံလာပါသည်။ သို့သော် ဤနေရာတွင် အချက်(၄)ချက် ရှိပါသည်။ ပထမအချက်အနေဖြင့် ပရောဖက်ပြုချက် တွင် ကမ္ဘာအနှံ့တွင် မယုံကြည်သူများ ဖြစ်ကြလိမ့်မည်။ (ဟေရှာယ ၁၁ : ၁၁ : ၁၂) ၁၉၀၀ ခုနှစ်တွင် ပါလက်စတိုင်း၌ ယုဒလူမျိုး ၄၀၀၀၀(လေးသောင်း)ခန့်သာ ရှိကြပြီး ဒုတိယ ကမ္ဘာစစ် အပြီးတွင် အရေအတွက်က ရှစ်သိန်းရှိလာပါသည်။ ယနေ့တွင်မူ ကမ္ဘာအနှံ့မှ ပြန်လာကြကာ ၅.၈ သန်းကျော် ရှိလာပါ သည်။

ပရောဖက် ယေရမိက နှစ်ကြိမ်တိုင်တိုင် ပြောဆိုသည့်အရာမှာ သမိုင်းကြောင်းပြည့်စုံသောအခါ ယုဒ လူမျိုးများကို ပြန်လည်ကြည့်ရှုပြီး အဆုံးသတ်သည့်အရာမှာ သူတို့ကမ္ဘာအနှံ့မှ ပြန်လည်စုရုံးလာသည့်အရာက အဓိကဖြစ် သူတို့၏ လွတ်မြောက်ခြင်းထက် ပိုမိုကြီးမားသော နိမိတ်လက္ခဏာတစ်ခု ဖြစ်လာမည့်အကြောင်း ဖြစ်ပါသည်။ (ယေရမိ ၁၆ : ၁၄ – ၁၅ , ၂၃ : ၇ – ၈) ကျွန်ုပ်တို့က အမှန်ပင် အရေးကြီးသော အချိန်ထဲတွင် အသက်ရှင် နေသူများ ဖြစ်ကြပါသည်။

ဒုတိယအချက်တွင် ယုဒလူမျိုးများနှင့် သက်ဆိုင်သည့် ပျံ့နှံ့ခြင်း၏ အကျိုးဆက်ဖြစ်စဉ် တစ်ခုကို ပရောဖက်ပြုခြင်းဖြစ်ပါသည်။ ဤအရာက ၁၉၄၈၊ မေလ ၁၄ ရက်နေ့တွင် ပြန်လည်ထူထောင်ခဲ့သော သူတို့၏ နိုင်ငံအကြောင်းပင်ဖြစ်ပါသည်။ (ဟေရာယ ၆၆ : ၇ – ၈)

ကြာသရေလ နိုင်ငံပြန်လည်ထူထောင်ခြင်းနှင့် စပ်လျဉ်းကာ ယေရှုက သင်္ကေတသဖန်းပင်ကို အစွဲပြု၍ ပုံသက်သေတစ်ခုကို တပည့်တော်များထံ ပြောဆိုခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤအပင်၏ အရွက် ပြန်လည်ပွင့်လာ သောအခါ နောက်ဆုံးသော ကာလနှင့် သက်ဆိုင်သည့် ပရောဖက်ပြုချက်အားလုံးက ပြည့်စုံ လာလိမ့်မည်ဖြစ်သည်။ (မဿဲ ၂၄ : ၃၂ – ၃၄)

သင်္ဘော်သဖန်းပင်က ဟေဗြဲကျမ်းထဲတွင် ကြာသရေလများ၏ အမှတ် လက္ခဏာတစ်ခု ဖြစ်ပါသည်။ (ဟောရှေ ၉ : ၁၀, ယေရမိ ၂၄ : ၁ - ၁၀ ယောလ ၁ : ၇)

ယခင် ယေရှု တပည့်တော်များနှင့်အတူ ကြွမြန်းစဉ်တွင် အသီးမသီးဖို့ရန် သဖန်းပင်ကို ကျိန်ဆိုခဲ့ပါသည် (မသဲ ၂၁ : ၁၉) ဤ ပရောဖက်ပြုချက်၏ လက္ခဏာတစ်ခုက ရည်ညွှန်းသည့် အရာမှာ မေရှိယ ကို ငြင်းပယ်သော တိုင်းပြည်ဖြစ်သော ကြာသရေလ လူမျိုးများအပေါ် ဘုရားသခင်၏ အမျက်ဒေါသ သွန်းလောင်း မည့် အချက် ပင်ဖြစ်ပါသည်။ နောက်တစ်နေ့တွင် ဤအပင်ကို ကိုးကားလျက် ယေရှုက ပြန်လည်ပွင့်မည့် နေ့ရက်ကို စောင့်ကြည့်ဖို့ရန် ပြောဆိုခဲ့ပါသည်။ ထို့နောက် သူက ထပ်မံပြီး မျိုးဆက်သစ်များအတွက် သင်္ဘော် သဖန်းပင်၏ ပြန်လည်သီးပွင့်လာမည့်အချက် အစွဲပြုလျက် ပြောဆိုခဲ့ပါသည်။ “ငါအမှန်ဆိုသည်ကား ယခု လူများမကုန်မီ ထိုအကြောင်းအရာ အားလုံးတို့သည် ဖြစ်ကြလိမ့်မည်” (မသဲ ၂၃ : ၃၄)

သင်္ဘော်သဖန်းပင်က ၁၉၄၈ မေလ ၁၄ ရက်နေ့တွင် သီးပွင့်လာပါသည်။ ကျွန်ုပ်တို့က အဆုံးသတ် မျိုးဆက်များ ဖြစ်ကြပါသည်။

တတိယ ပရောဖက်ပြုချက်မှာ ၁၉၆၇ ဇွန်လ ၇ ရက်နေ့တွင် ဂျေရုဆလင်သို့ ပြန်လည်အခြေချသော အကြောင်း ပင်ဖြစ်ပါသည်။ အံ့သြဖွယ်ရာ (၆)ရက်နေ့ စစ်ပွဲအတွင်းတွင်ဖြစ်သည် **(**ကခရိ ၈ : ၄ - ၈**)** ယေရှုက တပည့်တော်များထံ ပြောကြားခဲ့သော ဂျေရုဆလင်ကို စောင့်ကြည့်စေသည့် အချက်နှင့် ထပ်တူ ကိုက်ညီပါသည်။ သူတို့သည့် ဓါးဖြင့်ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်ဟု သူက ပရောက်ဖက်ပြုကာ ထပ်မံပြီး တပါးအမျိုးသား တို့သည် မိမိတို့အချိန်ကာလ မပြည့်စုံမှီတိုင် အောင် ဂျေရုဆလင်မြို့ကို ခြေဖြင့် နင်းကြလိမ့် မည် (လုကာ ၂၁ : ၂၄)

သူပြောဆိုသောစကားများက နှစ် ၄၀ အကြာတွင် ပထမအစိတ်အပိုင်းအဖြစ် ရောမများက ကြာသရေလ ကို သိမ်းပိုက်ကာ ဂျေရုဆလင်မြို့ကို ဖျက်ဆီးသည့် အချိန်တွင် ပြည့်စုံခဲ့ပြီး ယုဒလူမျိုးများက ကမ္ဘာအနှံ့သို့ ပုံ့နှံ့သွားကြပါသည်။ ဂျေရုဆလင်သည် ရောမတို့၏ လက်သို့ ကျဆုံးကာ ထိုမှတစ်ဆင့် အရှေ့ရောမအင်ပါယာ ဘိုင်ဇင်တိုင်နှင့် သူတို့ထံမှ အာရပ်များ ဘာသာရေးဆင်နွှဲသူများ (Mameluke) , တူရကီ, ဗြိတိသျှနှင့် နောက်ဆုံး ဂျောဒန် လက်အောက်သို့ ကျရောက်ခဲ့ပါသည်။

၁၈၉၇ တွင် ဂျေရုဆလင်မြို့သည် တံပါးအမျိုးသားများ၏ ချုပ်ကိုင်မှုအောက်တွင် ရှိနေပါသည်။ ၁၉၆၇ ဇွန် ၇ ရက်နေ့တွင် ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပါသည်။ ဤအချက်က ကျွန်ုပ်တို့၏ အသေချာဆုံးသော ကာလရှိ လက္ခဏာ တစ်ခု ဖြစ်ပါသည်။

စတုတ္ထပရောဖက်ပြုချက်သည် ယခုကျွန်ုပ်တို့၏ မျက်မြင်တွင် ပြည့်စုံလာမည့် အရာတစ်ခုဖြစ်ပါသည်။ ကြာသရေလ (အစ္စရေး) နိုင်ငံအပေါ် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းကို ပြန်လည်ကြည့်ရှုဖို့ရန် ဖြစ်ပါသည်။ **(**ဇာခရိ ၁၂ : ၁ - ၃) ယူအက်အေ အပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးက နိုင်ငံ၏မြို့တော် ဂျေရုဆလင်မြို့ကို ချုပ်ကိုင်မည့် ထုတ်လွှင့်ချက်အပေါ် ဆန့်ကျင် လာခဲ့ ကြပါသည်။ ဗာတီကန်မြို့တော်က သူ၏ ချုပ်ကိုင်မှု အောက်တွင် ထားချင်သောကြောင့်ဖြစ်ပါသည်။ အမေရိကန် ပြည်ထောင်စု က နိုင်ငံတကာ ပူးတွဲထိန်းသိမ်းမှု (သို့) ကာကွယ်မှုဖြစ်စေချင်ပါသည်။ ဥရောပအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စုက အာရပ်

များနှင့် ယုဒ(ဂျူး) အကြားတွင် သီးခြားခွဲခြမ်းဖို့ရန် တောင်းဆိုခဲ့ကြပါသည်။ အာရပ်များကလည်း ဤအချက်ကို သဘောတူခဲ့ကြ ပါသည်။

သင်အသင့်ပြင်ဆင်ပါသလား၊

ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဂရုဏာတော်က မကြာခင် ပြန်လာမည့် သူ၏ သားတော်အတွက် ကျွန်ုပ်တို့ ပြင်ဆင်နိုင်ဖို့ရန်အတွက် နိမိတ်လက္ခဏာ စီမံချက်တစ်ခုအဖြစ် ကျွန်ုပ်တို့ကို ပံ့ပိုးခဲ့ပါသည်။ ပရောဖက်ပြုချက်များသည် ကျွန်ုပ်တို့၏ မျက်စိရှေ့တွင်ပင် နေ့စဉ်ပြည့်စုံနေကြပြီဖြစ်သည်။ (ရှင်လုကာ ၂၁ : ၂၈) တွင် သခင်ယေရှုက ထိုအမှုအရာတို့သည် ဖြစ်စရှိသောအခါ သင်တို့ကို ရွေးနုတ်သော အချိန်ကာလက ရောက်လုနီးသည်ကို ထောက်သဖြင့် မျှော်ကြည့်၍ ခေါင်းကို ကြွကြလော့ဟု မိန့်တော်မူခဲ့ပါသည်။ ချေးငှား သည့် အချိန်ကာလထဲတွင် အသက်ရှင်နေကြသော ကျွန်ုပ်တို့ဖြစ်ပါသည်။ ဤသို့သော အကြောင်းတရား ကြောင့် လုကာ ၁၂ : ၃၅ - ၃၇ တွင် ကျွန်ုပ်တို့ကို သတိပေးခဲ့ပါသည်။ သင်တို့သည် ခါးပန်းစည်းလျက် ဆီမီး ထွန်းလျက်နေသဖြင့် သခင်သည် မင်္ဂလာဆောင်ပွဲမှ ပြန်လာ၍ တံခါးကိုခေါက်သောအခါ ချက်ခြင်းဖွင့်ခြင်းငှာ သခင်လာမည်ကို မျှော်လင့်၍နေသော ကျွန်ကဲ့သို့ ရှိနေကြလော့၊ အကြင်ကျွန်ုပ်သည် စောင့်လျက်နေသည်ကို သခင်သည် ပြန်လာ၍တွေ့၏။ ထိုကျွန်သည် မင်္ဂလာရှိ၏။ ငါအမှန်ဆိုသည်ကား သခင်သည် ခါးပန်းစည်းလျက် ကျွန်ုပ်တို့ကို စားပွဲ၌ လျောင်းစေပြီးမှ ကိုယ်တိုင်လာ၍ သူတို့အား လုပ်ကျွေးလိမ့်မည်။

အထူးဂရုစိုက်စောင့်ကြည့်ခြင်း

(Watchfulness!)

By George D. Wetson

သန်းခေါင်ယံ၌ ကြည့်ပါ မင်္ဂလာဆောင်လုလင်သည် လာပြီး ခရီးဦးကြိုပြုခြင်းငှာ ထွက်သွားကြကုန်အံ့ ဟု ကြွေးကြော်လျင် (မသဲ ၂၅ : ၆)

သေချာဂရုစိုက်လျက် ဆီအပြည့်ဖြည့်ထားသော ဗူးနှင့် ဆီမီးခွက်ဖြင့် အဆင်သင့်စောင့်ဆိုင်းသော အချိန်က ရှည်ကြာသော်လည်း လျပ်တပြတ်အချိန်တွင် အသံတော်သည် လျင်မြန်စွာဖြင့် ဤလောက၌ မြည်လာလိမ့်မည်ဖြစ်သည်။

စောင့်မျှော်ပါ၊ ကြည့်ရှုပါ၊ အာရုံစိုက်ပါ

သေချာဂရုစိုက်ခြင်းက အာရုံပြုသည့် အစွမ်းအားလုံးကို ပွေ့ဖက်ထားပါသည်။ မျက်စိဖြင့် ကြည့်ရုံ သက်သက် မဟုတ်ဘဲ စိတ်နှလုံးထဲတွင် စောင့်ကြည့်ဖို့ရန်ဖြစ်ပြီး စိတ်နှင့် ထိစပ်ခြင်းဖြစ်ပါသည်။ စောင့်ကြည့် ခြင်းသည် တစ်စုံတစ်ခုအတွက် အထူးတွေးတောကာ ကြည့်ရှုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘာသာရေးကို အလေးအမြတ်ထားကာ သေချာဂရုစိုက်ခြင်းက သန့်ရှင်းသောအတွေးအမြင်ပင်ဖြစ်ပါသည်။ စိတ်ငြိမ်စွာဖြင့် သတိရှိစွာ ဂရုစိုက်ကာ ဘုရားသခင်၏ ဝိညာဉ် ရေးရာကို တွေးတောခြင်းဖြစ်သည်။

သတိရှိခြင်း စကားလုံး၏ အဓိပ္ပါယ်မှာ အားလုံးကို ခြုံငုံကြည့်ခြင်းဖြစ်ပြီး စက်ဝိုင်းမျဉ်းတစ်ခုလုံးကို စစ်ဆေးခြင်းဖြစ်ပါသည်။ ယေဇကျေလ က မျက်စိနှင့်ဖြည့်သော သက်ရှိသတ္တဝါများကို ဖော်ပြခဲ့ပါသည်။ သူတို့က ညွှန်ကြားချက်အားလုံးကို

မြင်တွေ့နိုင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသော စိတ် ဝိညာဉ်ကလည်း ညွှန်ကြားချက်တိုင်း၌ အတွေးအမြင်ကို ဖြန့်ကျက်ဖို့ရန် ဖြစ်ပါသည်။

ခြံစောင့်၏ ချစ်ခြင်းမေတ္တာဖြင့် စောင့်ကြည့်ခြင်း

ကျွန်ုပ်တို့ထံ ယေရှု မိန့်မှာသည့် အချက်မှာ စောင့်ကြည့်ဖို့ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့က စိတ် နှလုံးပါသော မျက်စိဖြင့် ကြည့်ရှုရမည်ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြင့် မကြည့်ရှုပါက ကြွလာမည့် ယေရှုနှင့် ဝိညာဉ်ရေးရာ တိုးပွားရှင်သန်ဖို့ရန်အတွက် စစ်မှန်သည့် သမ္မာတရားကို စောင့်ကြည့်သော သူများဖြစ်လာမည် မဟုတ်ပေ။

စောင့်ကြည့်သော ခရစ်ယာန်တစ်ဦးက သန့်ရှင်းသောချစ်ခြင်းမေတ္တာဖြင့် လွှမ်းခြုံသည့် စွမ်းရည်ရှိ သောသူ ဖြစ်ပါသည်။ ထိုသူက ဘုရားသခင်နှင့် သက်ဆိုင်သော အရာများကို အောက်မေ့ကာ ချစ်မြတ်နိုးသူ ဖြစ်သည်။ ဘုရားသခင်နှင့် သက်ဆိုင်သည့် အရာ၌ ကြီးမားသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ ချစ်ခင်ဖို့ရန် ဖြစ်သည်။ နေရာတိုင်း၌ ဘုရားသခင်ကို တွေ့မြင်လိုသူ ဖြစ်ရမည်။ အကယ်၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ သည် သန့်ရှင်းသော ဝိညာဉ်တော်မှတစ်ဆင့် ပြည့်စုံစွာ သွန်းလောင်းခြင်းမရှိပါက ဝိညာဉ်ရေးရာ၌ စစ်မှန်သော စောင့်ကြည့်သူတစ်ဦး ဖြစ်နိုင်လိမ့်မည်မဟုတ်ပါ။ အချိန်တစ်ခုထဲတွင် ပျင်းရိလျက် ငိုက်မြည်းနေမည်ဆိုလျှင် တောက်ပသော ဘုရားသခင်၏ ဂရုဏာတော်က သင့်ကို ကျော်လွန်သွား လိမ့်မည် ဖြစ်သည်။

အမှားများကို ရှာဖွေခြင်းသည် ဂရုစိုက်ကြည့်ရှုခြင်းမဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော ချစ်ခြင်းမေတ္တာ ၏ လုပ်ဆောင်ချက် မရှိသောကြောင့် ဖြစ်ပါသည်။ ခပ်သိမ်းသော အရာ၌ စွက်ဖက်တတ်ခြင်း၊ ကလော်တတ် ခြင်းသည် ကျွန်ုပ်တို့အပေါ် ကောင်းကျိုးမပေးပါ။ အေးစက်စက်ဖြင့် လူတွေကို စေ့စေ့ကြည့်ခြင်း၊ ဝေဖန် အပြစ်တင်သော အကြည့်ဖြင့် ကြည့်ခြင်းက ငြိမ်သက်ခြင်းမရှိပါ။ မတရား နှိုင်းယှဉ်တတ်ခြင်းကို သတိပြုဖို့ရန် လိုအပ်ပါသည်။ ကောင်းကင် ကင်းစောင့်တစ်ဦး၏ ဂရုတစိုက် ကြည့်ခြင်းက ခြံစောင့်၏ ဖြူစင်သော မေတ္တာဖြင့်စောင့်ကြည့်ခြင်းပင်ဖြစ်ပါသည်။

အထက်, အတွင်း, အပြင် ဝိညာဉ်ရေးရာ စောင့်ကြည့်ခြင်းသည် ဝိညာဉ်ရေးရာ စောင့်ကြည့်ခြင်းတွင် ညွှန်ကြားချက်က သုံးမျိုးရှိပါသည်။ အထက်ရှိ ဘုရားသခင်၊ အတွင်းရှိ ဝိညာဉ်ရေးရာ၊ အပြင်ဘက်ရှိ ပတ်ဝန်းကျင်တို့ဖြစ်ပါသည်။ ဒါဝိတ် ကဲ့သို့ ဘုရားသခင်ကို စောင့်ကြည့်ဖို့ဖြစ်ပါသည်။ နံနက်ကို မျှော်လင့်သော သူတို့ထက်မက ငါ့ဝိညာဉ်သည် ဘုရားသခင်ကို မျှော်လင့်ပါသည်ဟု သူက ပြောဆိုခဲ့ပါသည်။ (ဆာလံ ၁၃၀ : ၆) ဘုရားသခင်၏ ကြန်အင်လက္ခဏာ ဖွင့်ပြချက်များအတွက် ချစ်ခြင်းမေတ္တာဖြင့် အာရုံပြုကာ သူ၏ နုတ်ကပက်တော်ဖြင့် အသစ်သောဖွင့်ပြချက်နှင့် သူ၏ အလိုတော်ကို သေချာစွာ ရင်းနှီးကျွမ်းဝင်ဖို့ရန် အတွက် စိတ်ရှည် သည်းခံခြင်းဖြင့် ကြည့်မျှော်ဖို့ရန် ဖြစ်ပါသည်။

ဘာသာရေးကို ရိုသေကိုင်းရှိုင်းသည့် အသိတရားဖြင့် ပရောဖက်ပြုချက်၏ ပြည့်စုံခြင်းကို စောင့်ကြည့် ဖို့ရန် ဖြစ်ပါသည်။ လူတွေရဲ့ လုပ်ဆောင်ချက်၌ ဘုရားအသိပညာဖြင့် လုပ်ဆောင်သည့် အချိန်ပင်ဖြစ်ပါသည်။ ကောင်းကင်မှ ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် ဖော်ပြချက်ကို စောင့်ကြည့်လျက် စောင့်ထိန်းဖို့ရန်ဖြစ်သည်။ ဗက်လင်မြို့သို့ ကြယ်၏ လမ်းပြမှုကို ကြည့်ရှုသော ပညာရှိများကဲ့သို့ ကြည့်ရှုရမည်။ အလေးထားလှသော သူ၏ ဂရုစိုက်စောင့်ရှောက်မှုက ချို့တည့်မှု မရှိသော

စောင့်ရှောက်မှုဖြစ်ကြောင်းကို သိမှတ်ရမည်။ လူတွေက မည်သည့်အရာကို ရှာဖွေကာ မည်သည့် ထူးခြားချက်ကို တွေ့ရှိပါသနည်း။ ဤမိုက်မဲသူများက လစ်လျူရှု သော အာကာသ ဗလာပြင်ကြီးတွင် ဘုရားကို မျှော်ကြည့်ခြင်းဖြင့် သူကို တွေ့မြင့်ကြလိမ့်မည်ဖြစ်သည်။

ဂရုစိုက်သော ခရစ်ယာန်တစ်ဦးက သူ၏ အတွင်းစိတ်နှလုံးထဲမှ စောင့်ကြည့်ပါလိမ့်မည်။ သူ၏ ပင်ကိုယ်စရိုက် နှိုးဆွမှု (သို့) သူ၏ အတွေးအမြင်မှ ရွေးချယ်သော လိုအင်ဆန္ဒနှင့် သူ၏ နုတ်ထွက်စကား များ ထွက်လာသော သူ၏ အသံနှင့် အမူအရာများကို ဆင်ခြင်သတိထားပါလိမ့်မည်။ သူ၏ လုပ်ဆောင်ချက်ကိုသာ စောင့်မကြည့်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှု အနှစ်သာရကို လေ့လာက သူ၏ လုပ်ဆောင်ချက်နှင့် စကားလုံးများထဲတွင် စီးဆင်းလာပါလိမ့်မည်။ ဘုရားသခင်၏ အလိုတော်ကို ကျမ်းစာက ရှင်းလင်းသောအခါ နှလုံးသည် အသက်၏ အခြေအမြစ်ဖြစ်သောကြောင့် သင်၏နှလုံးကို အထူး စောင့်ရှောက်ပါဟု ရှင်းလင်းခဲ့ပါ သည် (သုတ္တံ ၄ : ၂၃)။

မွန်မြတ်သန့်ရှင်းသော စောင့်ကြည့်ခြင်းဖြင့်လည်း ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို စောင့်ကြည့်ကာ ပုံစံမျိုးစုံဖြင့် ချဉ်းကပ်လာသော စာတန်ကို စောင့်ကြည့်ဖို့ရန် ဖြစ်သည်။ ဆိုးသွမ်းမှုအားလုံးကို ကျော်ဖြတ်နိုင် ဖို့ရန်အတွက် အစဉ်နီးကြား ဖို့ရန်ဖြစ်သည်။ ထို့ကြောင့် ကောင်းသောအရာများကို လုပ်ဆောင်နိုင်ဖို့ရန် ကြိုးပမ်း ပါ။ ဂရုတစိုက် စောင့်ကြည့်ခြင်းက ကျွန်ုပ်တို့ထံသို့ တိကျသော ထောက်ပံ့မှုကို ယူဆောင်ပေးသည့် အခွင့် ကောင်းကို မြင်တွေ့စေပါသည်။ ဤအရာက ကျမ်းစာရှိ ကင်းစောင့် စစ်သား၏ ဖြစ်စဉ်ပင်ဖြစ်ပါသည်။ ဤအရာသည် ငြီးငွေ့ဖွယ်ရာ လုပ်ငန်းပုံစံတစ်ခု ဖြစ်နိုင်ပါသည်။ သို့သော် စိတ်နှလုံးတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတစ်ခု မဖုံးလွှမ်းပါက လွယ်ကူမည့် အရောတော့ မဟုတ်ပါ။ သို့သော် အသိစိတ်ဖြင့် ကျေနပ်စွာ အောက်ကျိုးခံကာ ရွေးချယ်ဖို့ရန်ဖြစ်သည်။

ငြိမ်သက်သောစိတ်

စစ်မှန်သော စောင့်ကြည့်ခြင်းဆိုသည်မှာ စွမ်းရည်အားလုံးဖြင့် အာရုံပြုခြင်းပင်ဖြစ်ပါသည်။ ကင်းစောင့် စစ်သား တစ်ဦးက သူ၏ အကြားအမြင်အာရုံ ရှိသမျှဖြင့် ကြည့်ရှုရမည်ဖြစ်သည်။ အလင်းကို မြင်ဖို့ရန် ကောင်းမွန်စွာ စောင့်ကြည့်လျက် ငြိမ်သက်စွာဖြင့် နားစွင့်ဖို့ရန်ဖြစ်ပါသည်။ ဤအချိန်ကာလတွင် အမှောင်ထဲမှ ဘုရားသခင် ကင်းစောင့်များ၏ ငြိမ်သက်မှုသည် အထူးလိုအပ်သော အရာပင်ဖြစ်ပါသည်။ ဤသို့ မဟုတ်လျှင် ကြည့်ရှုဖို့ရန် သတ်မှတ်ထားသော အရာများကို မြင်တွေ့နိုင်မည် မဟုတ်ပါ။ ခရစ်ယာန် တော်တော်များများက ပျာယာခတ်ကာ ပူညံပူညံဖြင့် စိတ်လှုပ်ရှားမှု မြန်ဆန်ကာပူပန်လျက် ဝေဖန်တိုက်ခိုက်မှု၊ လှုံ့ဆော်ကြံစည်မှု၊ မရဲတရဲဖြင့် ပြောဆိုတတ်ကြပါသောကြောင့် ဘုရားသခင်၏ သတင်းစကားကို မတွေ့ရှိနိုင်ကြပါ။ သူတို့စိတ်နှလုံးထဲတွင် ဖြစ်ပျက်လာသည့် အရာက ရှိမလာပါ။ ထို့ကြောင့် သတိဖြင့်စောင့်ကြည့်ခြင်းသည် ကောင်းကင်နှင့် သက်ဆိုင်သော သဘောထားတစ်ခုကိုရရှိဖို့ရန်ဖြစ်ပါသည်။

ဂရုတစိုက် စောင့်ကြည့်ခြင်းသည် ကောင်းကင်နှင့်ဆိုင်သော စိတ်၏ အစွဲတစ်ခုဖြစ်ပါသည်။ လျှပ်တစ်ပြတ် ထွက်ပေါ်လာသော အရာမဟုတ်ပါ။ ကျွန်ုပ်တို့ ရွေးချယ်တည်ဆောက်ရမည့် စိတ်၏ ပုံမှန် သဘောထားပင် ဖြစ်ပါသည်။ ကောင်းကင်နှင့် သက်ဆိုင်သော ဂရုတစိုက် စောင့်ကြည့်ခြင်း၏ အလေ့အထ သည် ယေရှု ပြန်လာသောအခါ သူနှင့် တွေ့ဆုံမည်ဟူသော စိတ်၏ သဘောထားပင် ဖြစ်ပါသည်။

ရောက်ရှိလာမည့် ဘုန်းတန်ခိုးအာနုဘော်
(The Glory To Come)

By Rich Carmicheal

သခင်ပြန်လာခြင်းနှင့် ဆက်စပ်သည့် အဖြစ်အပျက်များနှင့် ပတ်သက်ပြီး ခရစ်ယာန်များအကြားတွင် အမြင်များစွာ ရှိသော်ငှားလည်း ပိုမိုအရေးကြီးသည့် အမှန်တရားအပေါ် သဘောတူသည့် အချက်တစ်ခုက ရှိပါသည်။ ထိုအချက်မှာ ယေရှု ပြန်လာမည့် အချက်ပင်ဖြစ်ပါသည်။ ယေရှုက သူပြန်လာမည့် အကြောင်းကို သူ၏ နုတ်စကားဖြင့် အကြိမ်ကြိမ်ရှင်းလင်းကာ အံ့သြဖွယ်ရာကတိပြုချက်ဖြင့် အသုံးသတ်ခဲ့ပါသည်။ ငါသည် အလျင်အမြန် ပြန်လာမည် (ဗျာဒိတ် ၂၂ : ၂၀) –

ဤသမ္မာတရားက နောက်ဆုံးအကျိုးဆက်အတွက် ထင်ရှားပြသသော အရာဖြစ်ပြီး ကျွန်ုပ်တို့၏ ပြည့်စုံသော အာရုံပြုခြင်းကို တောင်းဆိုပါသည်။ ဤလုပ်ငန်းစဉ်သည် သခင်၏ မင်္ဂလာရှိသော ခေါ်ဆိုခြင်း ဖြစ်ပြီး အားလုံးက ပြင်ဆင်လျက် သူပြန်လာမည့် ထိုနေ့ရက်အကြောင်းကို ကူညီဖြန့်ဝေကြဖို့ရန်ဖြစ်ပါသည်။ ထိုအဆုံးသတ်အတွက် ကျွန်ုပ်တို့၏ သတင်းဖြန့်ချိရေးအဖွဲ့က ဤကောင်းကြီးမင်္ဂလာ၏ အနှစ်သာရကို သင်နှင့်အတူ ဖြန့်ဝေကာ ခရစ်တော်၏ ဒုတိယအကြိမ် ပြန်လာမည့်အချိန်အတွက် အာရုံပြုဖို့ရန်ဖြစ်ပါသည်။ ဤဆောင်းပါး၏ ခွန်အားပေးခြင်း နှင့် စိန်ခေါ်ချက်များက မကြာခင် ဖြစ်လာမည့် အရာများအတွက် အထူး ဂရုစိုက်ကာ နိုးကြားစေ လိမ့်မည်ဟု မျှော်လင့်မိပါသည်။

အထူးသဖြင့် ကျသရေလ လူမျိုးများအပေါ်တွင် ဆောင်းပါးအမြင်က သုံးမျိုးရှိပါသည်။ ကျွန်ုပ်တို့က အချက်နှစ်ချက်ကို ထည့်သွင်းထားပါသည်။ ပထမအချက်မှာ ကျသရေလ လူမျိုးများက ဘုရားသခင် ဖွင့်ပြ သော အစိတ်အပိုင်းတစ်ခု အနေဖြင့် ကျွန်ုပ်တို့က ယုံကြည်လက်ခံပါသည်။ ယုဒလူမျိုး အများစုက ယေရှု ကို မေရှိယ အဖြစ် မမြင်သေးသော်လည်း ကျသရေလနိုင်ငံ ပြန်လည်မွေးဖွားခြင်းနှင့် ယုဒလူမျိုးများစွာကပြန်လည် အခြေချလာသည့်အချက်သည်လိုအပ်သော လက္ခဏာတစ်ခု ဖြစ်ပါ သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်း နေ့ရက်သည် ပိုမိုနီးကပ်လာပြီဖြစ်သောကြောင့် အစဉ်နိုးထဖို့ရန် လိုအပ်ပါ သည် (လုကာ ၂၁ : ၂၄ – ၃၂)။

ဒုတိယအချက်မှာ ယုဒလူမျိုးများအတွက် ဘုရားသခင်၏ စီမံချက်အပေါ် ကျေနပ်သည့် ကျွန်ုပ်တို့ ယုံကြည်သူများကို သူက လိုအပ်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ဝမ်းနည်းစရာတစ်ခုမှာ ကမ္ဘာပေါ်တွင် ယုဒ မုန်းတီးရေးက များစွာရှိနေသော ကြောင့် ဖြစ်ပါသည်။ အသင်းတော်အတွင်း၌လည်း ပါဝင်နေပါသည်။ သို့သော် ယုဒလူမျိုးများက ဘုရားသခင် နှစ်သက်မြတ်နိုး သော သူများဖြစ်ကြပါသည်။ (ရောမ ၁၁ : ၁၈) သို့ဖြစ်သော ကြောင့် သူတို့၏ ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့က ဆုတောင်း ကောင်းကြီးပေးဖို့ရန် သူက ဆန္ဒရှိနေပါ သည်။ တမန်တော် ရှင်ပေါလု က့ဲသို့ ကျွန်ုပ်တို့လည်း လုပ်ဆောင်ကြဖို့ရန်ဖြစ်ပါသည်။ “ညီအစ်ကိုတို့ ကျသရေလ လူတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်စေခြင်းငှာ ငါ၏စေတနာ အလိုရှိ၍ ဘုရားသခင်ကို ဆုတောင်းလေ့ရှိ၏ (ရောမ ၁၀) ထိုနည်းသူ သင်တို့ခံရသော သနားတော်မူခြင်းအားဖြင့် သူတို့သည် သနားတော်မူခြင်းကို ခံရမည့်အကြောင်း ယခုတွင် သူတို့သည် နားမထောင်ဘဲ နေကြရ၏ (ရောမ ၁၁ : ၃၁)

အခြားဆောင်းပါးများတွင်လည်း အားပေးနှစ်သိမ့်သော ခေါင်းစဉ်တစ်ခုမှာ ကောင်းကင်ဘုံနှင့် သက်ဆိုင်သည့် ငြိမ်ဝပ်ခြင်းပင်ဖြစ်ပါသည်။ ဤသတင်းစကားသည် အံ့ဘွယ် သတိပေးခြင်းတစ်ခုနှင့် ဖြည့်စွက်ထားပါသည်။ အသက်တာ၏

အခက်အခဲက ကြမ်းတမ်းပါစေ၊ အကြောင်းကိစ္စမဟုတ်ပါ မည်မျှကြီးမားသော စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကြမ်းတမ်းသည့် လုပ်ရပ်ဖြစ်ပါစေ ကိစ္စမရှိပါ။ ကျွန်ုပ်တို့ မျှော်လင့် စောင့်စားသည့် အသက်တာ၏ တန်ခိုးအာနုဘော် ကောင်းချီးက ရှိနေပါသည်။ ကန့်သတ်ချက် ကျော်လွန် သည့် ဖိစီးမှုကို သင်ခံစားပါက ဤသတင်းစကားက ခရစ်တော်၌ ရှိသော သင့်ကို ခွန်အား ဖြစ်စေ ပါလိမ့်မည်။ သင်၏ အသက်တာကို ခေါ်ဖိတ်သော အရှင်အား သစ္စာစောင့်သိပါ။ သတိပြုရမည့်အချက်မှာ "မျက်မှောက်၌ ထင်ရှား သော အရာကို မကြည့်ဘဲ မထင်ရှားသော အရာတို့ကို ကြည့်မှတ်စဉ်ခါ ယခုခဏ ခံရ၍ ပေါ့ပါးသော ဆင်းရဲ ခြင်း ဒုက္ခသည် အတိုင်းထက်အလွန် ကြီးမြတ်လေးလံသော နိစ္စထာဝရ ဘုန်းအသရေကို ငါတို့အဖို့ ဖြစ်စေ တတ်၏ ဟူသော အချက်ပင်ဖြစ်ပါသည် (၂ ကော ၄ : ၁၇)

တစ်ကယ်တော့ ခေတ္တခဏ ဘေးဒုက္ခ ခံစားခြင်းက ခက်ခဲသော အရာမဟုတ်ပါဟု ဆိုလိုခြင်း မဟုတ် ပါ။ အမှန်မှာ ဖိနှိပ်နိုင်သော အချိန်၏ ပုံစံကို တင်ပြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အတ္တကိုစွန့်သောအခါ ဘုရားသခင်နှင့် ဘေးဒုက္ခထဲ၌ လျှောက်လှမ်းရမည်ဟုလည်း ဆိုလိုခြင်းမဟုတ်ပါ၊ သူ့အပေါ် မိုဝိုအားကိုး အားထားပြုဖို့ရန် ဆိုလိုခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရှင်ပေါလုက ဤသို့ ရေးသားနိုင်ခဲ့ပါသည်။ တန်ခိုးတော်၏ ဂုဏ်အသရေသည် ငါတို့နှင့် မဆိုင် ဘုရားသခင်နှင့် ဆိုင်မည့်အကြောင်း ထိုဘဏ္ဍာသည် မြေအိုး ထဲမှာထည့်ထားလျက် ငါတို့၌ရှိ၏၊ ငါတို့သည် အမျိုးမျိုးသော နှောင့်ယှက်ခြင်းကို ခံရသော်လည်း အကျိုးနည်း ခြင်းသို့ မရောက်၊ မကြံစည်နိုင်အောင်ရှိသော်လည်း စိတ်မပျက် (**၂တိ ၄ : ၇ - ၈**) - ဟု ရှင်းလင်းခဲ့ ပါသည်။

ထို့ကြောင့် ကောင်းသော တိုက်လှန်ခြင်းကို ပြုကာ ယုံကြည်ချက်ကို စောင့်ထိန်းဖို့ရန်ဖြစ်ပါသည်။ အချိန်ကာလ စေ့သောအခါ ခရစ်တော်က ကယ်တင်ခြင်းအတွက် ဒုတိယအကြိမ် ပေါ်ထွန်းလာလိမ့်မည်ဖြစ် သည်။ (ဟေဗြဲ ၉ : ၂၈) ထိုအခါ အသက်ရှင် ကြွင်းကျန်သော ငါတို့သည် အာကာသ ကောင်းကင်၌ သခင် ဘုရားထံတော်သို့ ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင် ဘုရားနှင့်အတူ အစဉ်မပြတ် နေကြရလိမ့်မည် (၁ သက်သာ ၄ : ၁၇)။

ရှင်ပေါလု ရေးသားတင်ပြသည့်အတိုင်း ယခုတွင် သိမှတ်ရမည့် အချက်မှာ ဝမ်းမြောက်ခြင်းဖြင့် အခြား သူများထံ သင်၏အမှုတော်မြတ်ကို အကောင်အထည်ဖော်ဖို့ရန် ဖြစ်ပါသည်။ ငါတို့ ဝမ်းမြောက်ခြင်းအကြောင်း၊ မျှော်လင့်ခြင်းအကြောင်း၊ ဝါကြွားခြင်း၏ ဦးရစ်သရဖူကား အဘယ်သို့သော အကြောင်းအရာနည်း၊ ငါတို့ သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ ရှေ့တော်၌ သင်တို့သည် ထိုသို့သော အကြောင်းအရာ ဖြစ်ကြသည် မဟုတ်လော၊

သင်တို့သည် ငါတို့၏ ဘုန်းအသေရေ၊ ငါတို့၏ ဝမ်းမြောက်ခြင်းအကြောင်း ဖြစ်ကြသတည်း (၁သက် ၂ : **၂၀**) ထို့ကြောင့် ငါချစ်သော ညီအစ်ကိုတို့ သင်တို့သည် သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်၍ အကျိုး ကြီးသည်ကို သိမှတ် သဖြင့် တည်ကြည်သော စိတ်နှင့် ပြည့်စုံ၍ မရွေ့ မလျော့ မတိမ်း မယိမ်းဘဲလျက် သခင် ဘုရား၏ အမှုတော်ကို ကြိုးစား အားထုတ်ပြလော့ (၁ ကော ၁၅ : ၅၈)။

အဘယ်ကြောင့် သခင်က ကြန့်ကြာနေပါသနည်း

(Why Has Our Lord Tarried?)

By Arthur W. Pink

အဘယ့်ကြောင့် သခင်ဘုရားက ယခုအချိန်ထိတိုင်အောင် ကြန့်ကြာနေပါသနည်း? ဤမေးခွန်းက မရိုမသေ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သတိပြုမိသည့်အချက်တစ်ခုကို တင်ပြမည်ဆိုလျှင် တရားဟော ကျမ်း၌ ဖော်ပြ သည့် မထင်ရှားသော အရာတို့သည် ငါတို့ဘုရားသခင် ထာဝရဘုရား၏ အင်နီးအတာဖြစ်၏ ဟူသော ကျမ်းပိုဒ် ကို ဆင်ခြင် စေချင်ပါသည်။ (တရားဟော ၂၉ : ၂၉)။ ပြောရမည်ဆိုလျှင် အခြေအမြစ် မရှိသော စိတ်ပိုင်း ဆိုင်ရာ ထင်မြင်ချက်တစ်ခု (သို့) သိချင်စိတ် ပြင်းပြကာ စပ်စုသော ထင်မြင်ချက်ဖြင့် ဤသို့မေးမြန်းခြင်း မဟုတ်ဘဲ ရိုးသားသော မေးခွန်းထုတ်ခြင်းတစ်ခု ဖြစ်သည်ဟု ကျွန်ုပ်တို့က ယုံကြည်သောကြောင့် ဝိညဉ်ရေးရာ အကျိုးရှိ စေဖို့ရန် ကျေးဇူးတော်နှင့် ပညတ်တရားကို ထင်ရှားစေမည့် ဤ မေးခွန်း၏ အဖြေကို တွေ့ရှိ မည်ဟု သက်သေ ပြုချင်ပါသည်။

ယေရှုက သူ၏ သေခြင်းတရားအတွက် သင်တို့နေစရာ အရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည် သွား၍ သင်တို့ နေစရာ အရပ်ကို ပြင်ဆင်ပြီးမှ တဖန်ပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံ သို့ သိမ်းဆည်းမည် (ယောဟန် ၁၄ : ၂ - ၃) ဟူ၍ ပြောဆိုခဲ့ပါသည်။ သို့သော် ၂၀ ရာစုပင် လွန်မြောက်နေပါ သော်လည်း သူကပြန်မလာနိုင်သေးပါ။ လျှို့ဝှက်ချက်က ထူးဆန်းမနေပေဘူးလား။ မေးမြန်းမှုက ဤလောကတွင် ပို၍ပို၍ များလာပါသည်။ ရှုံဆုံး၏ ဆံပင်ဖြတ်ခြင်းကဲ့သို့ အသင်းတော်တစ်ပါး၏ နုံခြာခြင်း၊ ဖန်ဆင်းသော သက်ရှိများ၏ ညည်းညူသံ လောကစစ်ပွဲတစ်ခုမှ ထိတ်လန့်ခြင်းကဲ့သို့ ယစ်ပလွင်အောက်မှ ဝိညဉ်များ၏ အောင်ဟစ်သံများက ပေါင်းစည်းနေပါသည်။ မည်မျှကြာရှည်ပါမည်နည်း သခင် (ဗျာဒိတ် ၆ : ၁၀)။

အဘယ့်ကြောင့် ဤသို့နှောင့်နှေးပါသနည်း? ကျေနပ်ဖွယ်ရာ အခြေတစ်ခုကို ရှာဖွေနိုင်ကြပါမည် လော? ပြည့်စုံသော အဖြေကို ရှာ၍ မတွေ့ပါ၊ ယခုကျွန်ုပ်တို့က တစ်စိတ်တစ်ပိုင်းသာ သိကြပါသည်။ အဖြေ တစ်ခုက အနည်းဆုံးအနေဖြင့် တွေ့မြင်နိုင်မည့် အရာဖြစ်ပါသည်။ လျှို့ဝှက်သော အရာဖြစ်သော်လည်း သခင် ဘုရား နှောင့်နှေးရခြင်း၏ အကြောင်းရင်းကို ဖြေဆိုရမည်ဆိုလျှင် ပထမအချက် အနေဖြင့် လောက၏ လိုအပ် သော လုပ်ပိုင်ခွင့်အာဏာတစ်ခု ထင်ရှားခြင်းအားဖြင့် သူ၏ စီမံချက်များ တိုးတက်ဖို့ရန် ဘုရားသခင်က ပြည့်စုံ သော အခွင့်အရေးကို လူတွေအပေါ် ပေးချင်သောကြောင့် ဖြစ်ပါသည်။

လူတွေက စောဒက မတက်နိုင်သည့် အရာမှာ သူ၏ ကိုယ်ပိုင် စီမံချက်ကို စမ်းသပ်ဖို့ရန် အခွင့်မပေး ခြင်းဖြစ်ပါသည်။ လောက၏ အုပ်စိုမှု အသစ်ထဲတွင် တတ်စွမ်းနိုင်သမျှ လုပ်ဆောင်ဖို့ရန် ခွင့်ပြုခဲ့ပါသည်။ ဘုရားသခင်က လောကအုပ်စိုးမှုများကို သူလက်တွင်ချထားပါသည်။ အဘယ့်ကြောင့်ဆို့သော် ဤအရာများကို လူတွေက ပြည့်စုံစေမည့် အရာတစ်ခုခုကို ပြသဖို့ရန်ဖြစ်ပါသည်။ ပြသနိုင်သည်ဖြစ်စေ၊ မပြသနိုင်သည်ဖြစ်စေ လူသည် သူ့ကိုယ်သူ အုပ်စိုးနိုင်စွမ်းရှိသည့်အချက်ကို သူ၏ စိတ်ဝိညဉ် တိုက်ပွဲဖြစ်သော စာတန်၏ တန်ခိုးတော်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ အောင်မြင်မှု တစ်ခုခုကို ပြသဖို့ရန်ဖြစ်ပါသည်။

အချိန်ကာလ တစ်လျှောက်တွင် လောကကို အသစ်ပြုပြင်မည့် လူ၏ကြိုးပမ်းချက်များကို ညွှန်းပြပါ သည်။ လူကို ပြည့်စုံသည့် အခွင့်အလမ်းအား ပေးခဲ့ပါသည်။ မည်သည့် ရလာဒ် ထွက်ပေါ်ပါသနည်း။ ဤနေရာတွင် ဘုရားထံသို့ ကုသ၍ မရနိုင်သည့် လူ၏ စိတ်နလုံးမှ မုန်းတီးစရာများနှင့် လွန်ကဲစွာ ဆိုးယုတ်သည့် လူသဘောသဘာဝကို ပြသပါသည်။ လူတွေက လွတ်လပ်မှု၊ အခွင့်အရေး၊ အချိန်အခါ ဖန်ဆင်းပေးအပ်သော ကျွမ်းကျင်မှုပါရမီများကိုမည်ကဲ့သို့ အသုံးပြုပါသနည်း။ ဘုရား

သခင်၏ ဘုန်းတော်နှင့် ရည်ရွယ်ချက်အတွက် အသုံးပြုပါသလား။ သို့မဟုတ် သူတို့၏ ကိုယ်ကျိုးအတွက် အသုံးပြု ခဲ့ကြပါသလား။ မေးစရာ မေးခွန်းကမကျန်တော့ပါ။ ပြည့်စုံပါပြီ။ လူတွေရဲ့ ကြွားဝါမှုကပေါ်လွင်နေပါသည်။ ပြောဆိုချက်များက မြင့်မားနေပါသည်။ သူ၏ဝါကြွားချက်ဟန်က များနေပါသည်။ ဤသို့သောအရာများက တိုးတက်ခြင်း၊ အမြင် ပွင့်ခြင်း၊ ပြောင်းလဲခြင်း၊ လူမှုရေးရာတိုးတက်ခြင်း ကဲ့သို့သော နှစ်သက်ဖွယ်စကားရပ် ဖြစ်နေခဲ့ပါသည်။ သို့သော် သိမှတ်ရမည့် အချက်မှာ ဤလောက ပညာသည် ဘုရားသခင်အတွက် မိုက်မဲခြင်း သက်သက်သာ ဖြစ်ပါသည်။ မိုက်မဲသော လောကပညာနှင့် လူတွေရဲ့ ထိုက်တန်မှုများက အချည်းနှီးသက်သက်သာ ဖြစ်ကြောင်းကို ယခုကျွန်ုပ်တို့၏ မျက်စိအောက်တွင်ပင် ခင်းကျင်းပြ ခဲ့ပါသည်။ မည်သည့် ထိရောက်သော လူမှု တိုးတက်မှုက ရှိပါသနည်း။ မည်သည့် အသိဉာဏ်ပွင့်ခြင်းနှင့် တိုးတက်မှုကို ကျွန်ုပ်တို့ကရရှိပါသနည်း။ ကျွန်ုပ်တို့ တရားရုံးမှ ဥပဒေမှတ်တမ်းဖြစ်စေ၊ စီးပွားရေး၊ နိုင်ငံရေးနှင့် မျက်မှောက်အခြေအနေမှ ဖော်ပြချက်များ၊ စစ်ပွဲနှင့် လူမဆန်သောအရာများ၊ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များဖြစ်စေ ဤအရာအားလုံးသည် လူတွေ၏ အလေးမထားမှုနှင့် အတွေ့အကြုံ မရှိခြင်းကြောင့် ဖြစ်သည်ဟု ပြောဆို၍ မရနိုင်ပါ။

လူက ယခုပင် သမိုင်းတစ်ခုကို မစိုက်ထူနိုင်ပါ။ ယခုတွင် ကျွန်ုပ်တို့က နှစ်ဆယ့်တစ်ရာစုထဲတွင် ရှင်သန်နေကြပါသည်။ ထို့ကြောင့် ဘုရားသခင်က သူ၏ စီမံချက်များ သက်တမ်းစေ့မည့် အချိန်ကို မပေးသည့် အချက်အပေါ် စောဒက တက်၍ မရနိုင်ပါ။ လွန်ကဲသော လူထု၏ ကျရှုံးသည့်အချိန်ကို လုံလောက်စွာ ပြသ ပါသည်။ အချိန်ပြည့်စုံစွာဖြင့် လူသည် ကိုယ့်ကိုကိုယ် မအုပ်စိုးနိုင်သည့် အချက်ကို ဖော်ပြခဲ့ပါသည်။ ဤနေရာတွင် ကျွန်ုပ်အတွက် ပထမ ဖြေရှင်းချက်မှာ ခရစ်တော် ပြန်လာမည့် အချိန် ကြန့်ကြာနေရသည့် အကြောင်းမှာ ပြည့်စုံသော တိုးတက်မှုကို လူတွေက စီမံနိုင်ဖို့ရန်အတွက် အခွင့်အရေးကို ပေးအပ်ခြင်းပင်ဖြစ်ပါသည်။ ရိတ်သိမ်း ချိန်အထိတိုင်အောင် ဘုရားသခင်က စောင့်နေခြင်းပင်ဖြစ်ပါသည်။ လူတွေက စီမံချက်ကို အားထုတ်ကာ ရိတ်သိမ်းမည့် အချိန်ကို ဘုရားသခင်က သူ၏ လက်ထဲတွင် တံစဉ်ကို ကိုင်လျက် ဝင်းမှည့်သည့် သီးနှံများကို ရိတ်သိမ်းဖို့ရန် စိတ်ရှည်စွာဖြင့် စောင့်နေခြင်းသာဖြစ်ပါသည်။ နုတ်ကပက်တော်ကို ကြည့်မည်ဆိုလျှင် ကောင်းကင်တမန် တစ်ပါးသည် ဗိမ္မာန်တော်ထဲကထွက်၍ ကိုယ်တော်၏ တံစဉ်ကိုလွတ်၍ စပါးကိုရိတ်တော်မူပါ။ ရိတ်ရသောအချိန် ရောက်ပါပြီဟု မြေကြီး၌ ရိတ်စရာစပါး မှည့်ပါပြီဟု မိုးတိမ်ပေါ်မှ ထိုင်သော သူကို ကြီးသော အသံနှင့် ဟစ်လေ၏ဟု တွေ့ရှိရပါသည်။ (ဗျာဒိတ် ၁၄ : ၁၅)

ဒုတိယအချက်အနေဖြင့် ကြန့်ကြာရသည့် အကြောင်းကို ပြောကြားရမည်ဆိုလျှင် ဘုရားသခင်၏ စိတ်ရှည် သည်းခံခြင်းကို ပြသခြင်းဖြစ်ပါသည်။

ချစ်သူတို့ ထာဝရဘုရားက ပေးသော တစ်ရက်သည် အနှစ်တစ်သောင်းကဲ့သို့လည်းကောင်း၊ အနှစ် တစ်ထောင်သည် တစ်ရက်ကဲ့သို့ လည်းကောင်း ဖြစ်သည့်အရာတစ်ခုကို မမေ့လျော့ကြနှင့် လူအချို့သည် နှေးခြင်းကို မှတ်သည်အတိုင်း ထာဝရဘုရားသည် ကတိတော်အရာ၌ နှေးတော်မမူ၊ ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုအလျောက်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏ (၂ ပေ ၃: ၈-၉)

ဤရာစုများစွာတစ်လျှောက်တွင် သခင်ပြောဆိုသည့် အရာမှာ ဝန်လေး၍ ပင်ပန်းသော အပေါင်းတို့ ငါ့ထံသို့ လာကြလော့ ငါသည် ချမ်းသာပေးမည်(မသဲ ၁၁: ၁၈) ဟူသောစကားပင်ဖြစ်ပါသည်။ ဤလောကမှ ကယ်တင်ရှင် ထွက်ခွာကတည်း

ကပင် ဘုရားသခင်သည် တရားစီရင်မည့်အစား သနားခြင်းဂရုဏာဖြင့် လောကကို ထိတွေ့ဆက်ဆံခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဆိုးသွမ်းမှုကို သည်းခံသော ဘုရားသခင်၏ ဂရုဏာ တရားက အမှန်ပင် အံ့သြဖွယ်ရာဖြစ်ပါသည်။ ထူးဆန်းသည့် အရာ တစ်ခုမှာ သူ၏ အမျက်ခွက်ဖလားက တိုင်းနိုင်ငံများအပေါ်သို့ ဗူးလွတ်ဗလာဖြစ်စေကာ ပိတ်ဆို့ထားခြင်းတော့မဟုတ်ပါ။ ဤကဲ့သို့ ၂၁ ရာစုထိတိုင်အောင် ပုန်ကန်ကြသည့်အရာကို ဘုရားသခင်က သည်းခံခဲ့ပါသည်။ အဘယ့်ကြောင့် ယခုအချိန်တိုင် ကြန့်ကြာနေ့ရ ပါသနည်း။ အဘယ့်ကြောင့် ဂရုဏာတံခါးက ကျယ်ပြန့်စွာဖွင့်ကာ သူနှင့် အပြစ်သားများ ပြန်လည်ပေါင်းစည်း ဖို့ရန် တောင်းခံနေပါသနည်း။

ခရစ်တော်က သူ၏သတင်းကောင်းကို နာခံမှုမရှိဘဲ ဘုရားသခင်ကို မသိကျိုးကျွံပြုသောသူတို့အား မီးအိုင်၌ ပြန်လည် ချေပခြင်းကို အရင်ကတည်းက မစီရင်ခဲ့ပါသနည်း။ အဘယ့်ကြောင့် ယခုတွင် သူ၏ ဘုန်းတန်ခိုး ရာဇပလ္လင်ပေါ်တွင် ထိုင်လျက် ရန်သူများကို မစီရင်ပါသနည်း?

ထိုအခါ လက်ဝဲဘက်၌ရှိသော သူတို့အား မင်းကြီးက ကျန်းခြင်းကို ခံရသော သူတို့မာန်နတ်နှင့် သူ၏ တမန်တို့အဖို့ ပြင်ဆင်သော ထာဝရ မီးထဲသို့ ငါ့ထံမှ ခွာကြလော့ဟု သမ္မာကျမ်းစာနဲ့ ဖော်ပြထားသည် (မသဲ ၂၅ : ၄၁) မဟုတ်ပါလား။

အကြောင်းမှာ သခင်ဘုရားက ကျွန်ုပ်တို့အပေါ် သည်းခံစိတ်ရှည်ခြင်းမှာ ပျက်စီးခြင်းသို့ မရောက်စေ လိုသောကြောင့် ဖြစ်ပါသည်။ အမြင်ကို ပြောရမည်ဆိုလျှင် ခရစ်တော်က ကုန်လွန်ခဲ့သော ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ ငါးဆယ်ခန့်က ပြန်လာခဲ့မည်ဆိုပါက ဤဝမ်းသာစရာ လမ်းကြောင်းကို ဖတ်ကြည့်ကြသည့် လူဘယ်လောက်များများက သူတို့၏ အပြစ်ကြောင့် ပျက်စီးခြင်းကို ခံရပါမည်နည်း။ ဤသို့သော အကြောင်းတရားကြောင့် ကျွန်ုပ်တို့၏ မြင့်မြတ်လှသော ဘုရား သခင်၏ အံ့သြဖွယ်ရာ စိတ်ရှည်ခြင်းကို ဝမ်းမြောက်လျက် အပြန်အလှန် ဆက်သွယ်ကြဖို့ရန် ဖြစ်ပါသည်။

တတိယအချက်အနေဖြင့် ပြောကြားလိုသည်မှာ ဤသို့ သခင်က ပြန်လာဖို့ရန် ကြန့်ကြာနေရသည့် အချက်မှာ သူပိုင် ဆိုင်သော သားသမီးများ၏ ပြည့်စုံသော ယုံကြည်ချက်ကို စစ်ဆေးနိုင်ဖို့ရန် ဖြစ်ပါသည်။

ယခင်အချိန်၌လည်း ဤနည်းလမ်းကိုအသုံးပြုခဲ့ပါသည်။ အာဗြဟံက သား ကွဇက်ကို မရခင် ဤသို့ပင် အဘယ့်ကြောင့် စောင့်ဆိုင်းရပါသနည်း? အဘယ့်ကြောင့် ဣသရေလလူမျိုးများက အီဂျစ်ပြည်တွင် ချုပ်နှောင်ခြင်း ကို ကြာရှည်ခံစားကာ ကြမ်းတမ်းသော အလုပ်ဖြင့် ငြီးတွားမှုအောက်တွင် လေးလံသော ဝန်ထုပ်ကို ထမ်းစေ ပါသနည်း။ အဘယ့်ကြောင့် နှစ်ခြင်းဆရာ ယောဟန်နှင့် မာလခိ အကြားတွင် နှစ်ပေါင်း ၄၀၀ ခန့် ဘုရားသခင်က အသံမပေးဘဲ ငြိမ်သက်စေခဲ့ပါသနည်း။ အဘယ့်ကြောင့် မိန်းမမျိုးစေ့အတွက် ကတိပေးပြီး အနှစ်လေးထောင်ခန့် ကြာရှည်ပြီးမှသာ လက်တွေ့ အကောင် အထည် ဖော်ပါသနည်း။ အဘယ့်ကြောင့် သူ၏ လူမျိုးများ၏ စစ်မှန်သော ယုံကြည်ချက်ကို စမ်းသပ်စစ်ဆေးပါသနည်း။ ယနေ့အချိန် ကာလတွင်လည်း ဤသို့သော အကြောင်းအရာက ရှိနေပါသည်။

အဘယ့်ကြောင့် ကျွန်ုပ်တို့၏ သခင်က ခမည်းတော်၏ အိမ်တော်တွင် နေထိုင်ဖို့ရန် ကြာရှည်နေပါ သနည်း? အဘယ့်ကြောင့် သူ၏ အသင်းတော်အတွက် ဤလောကၥ် ရာစုနှစ်များစွာကို လှည့်လည်စေပါ သနည်း? အဘယ့်ကြောင့် သူ၏ မျိုးဆက်များ၏ ထက်သန်သည့် မျှော်လင့်ချက် ကောင်းကြီး မင်္ဂလာက ကောင်းကင်တမွန်တွင် ယခုအချိန်၌ ငြိမ်သက်

နေရပါသနည်း။ အဘယ့်ကြောင့်ဆို့သော် ဘုရားသခင်က သူလူမျိုးများ၏ ယုံကြည်ချက်ကို စမ်းသပ်နေခြင်းပင်ဖြစ်ပါသည်။ အဘယ့်ကြောင့် ဤသို့သော အရာကို သူက ကျေနပ်စွာဖြင့် လုပ်ဆောင်ပါသနည်း။ အကြောင်းတရားမှာ သူ၏ကျေးဇူးတော်ကို ချီးမွမ်းဖို့ရန် နှင့် ကောင်းကင် တမန်များနှင့်အတူ ပွဲဝင်ခြင်းကို ထင်ရှားစေလိုသောကြောင့်ဖြစ်ပါသည်။ (၁ကော ၄:၉)

ဘုရားသခင်က လျှို့ဝှက်သော အမှောင်ထုကြားမှ သူ၏ကျေးဇူးတော်ကို ကိုးစားမည့်သူ၏ ကိုယ်ပိုင် လူစုကို ထားရှိခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ နည်းလမ်းသည် အံ့သြဖွယ်ရာပင် ဖြစ်ပါသည်။ အော်ဟစ်သံများဖြင့် သခင်ဘုရား ကြွလာမည်ဟူသော ကတိတော်သည် အဘယ်မှာရှိသနည်း။ (၂ပေ ၃:၅) ဟု ပြောဆိုကာ အစေခံတစ်ချို့က ကျွန်ုပ်သခင် ပြန်လာမည့်အချိန်က ကြန့်ကြာနေပါသည်။ ကျွန်ုပ်တို့ နလုံးသား က တစ်ခါတစ်ရံ ဤကြန့်ကြာမှုကို ငြီးတွားနေပါသည်ဟု ပြောဆိုနိုင်ပါသည်။ သို့သော် သူလုပ်ဆောင်သည့် အရာအားလုံးသည် ကောင်းမြတ်သည့် အရာဖြစ် ကြောင်းကို မြင်တွေ့ကြရလိမ့်မည်ဖြစ်သည်။

ငါသည်အလျင်အမြန်ပြန်လာမည်ဟု မိန့်ဆိုသောသခင်ယေရှု

(Jesus Says, "Behold I Come Quickly!")

By J.C.Ryle

ထိုအချိန်ကာလသည် အဘယ်အချိန်ခါ၌ ရောက်မည်ကို သင်တို့ မသိသောကြောင့် သတိပြု၍ ဆုတောင်းလျက် စောင့်နေကြလော့။ သို့မဟုတ် အမှတ်တမဲ့လာ၍ သင်တို့အိပ်ပျော်သည်ကို တွေ့လိမ့်မည် စောင့်နေကြလော့ဟု သင်တို့အား ငါဆိုသည့်အတိုင်း ခပ်သိမ်းသော သူတို့အား ငါဆိုသည်ဟု မိန့်တော်မူ၏ (မသဲ ၁၃:၃၃-၃၆-၄၇)

ရောက်ရှိလာမည့် မှားယွင်းသော အယူဝါဒ၏ ဆန့်ကျင်မှုကို သတိဖြင့်စောင့်ကြည့်ပါ။ စာတန် ကိုယ်တိုင်က ကောင်းကင်တမန်ကဲ့သို့ အသွင်ပြောင်း ထင်ရှားနိုင်သည့်အချက်ကို သတိပြုပါ။ အဆိုးဖြစ်စေ သော ငွေရေးကြေးရေးအားဖြင့် အဘယ်သောအခါမျှ မှားယွင်းသော အစွန်းအထင်းမဖြစ်စေဖို့ရန် သတိပြုပါ (သို့) ဤအရာကို ဘယ်သောအခါမျှ ကျော်လွှားခွင့် မပေးပါနှင့်။ မှားယွင်းသည့် ခံယူချက်ကို အနည်းငယ်မျှ လက်မခံပါနှင့် အပြစ်မမြင်ပါစေနှင့်၊ ဂရုစိုက်လျက် ဆုတောင်းပါ၊ ကိုယ်ပိုင်ဆုတောင်းခြင်းနှင့် ကျမ်းစာ လေ့လာ ဆင်ခြင်ကြည့်ရှုခြင်းအတွက် ပျင်းရိခြင်းကို ဆန့်ကျင်ကာ စောင့်ရှောက်ပါ။ ပုံမှန်လုပ်ဆောင်ပါ၊ ကောင်းမွန်သည့် အခြေအနေမှ ပြန်လည် လျှောကျခြင်းသည် ဆုံးရှုံးမှုကို စတင်စေပါသည်။ အပင်တစ်ပင်က ပြင်းထန်သော လေပြင်းအရှိန်ကြောင့် နှစ်ပိုင်းကျိုးပြတ်သောအခါ ပျက်စီးခြင်း၏ လျှို့ဝှက်ချက်တစ်ခုကို ထိုနေရာ၌ တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ဆုတောင်းခြင်းဖြင့် စောင့်ကြည့်ပါ။

အခြားသူများကို ခါးသီးစေသည့် ညှာတာမှုကင်းမဲ့သော လုပ်ရပ်များကို ဆန့်ကျင်လျက် စောင့်ကြည့် ပါ။ ဆုလာဘ်များစွာထက် အနည်းငယ်သော ချစ်ခြင်းမေတ္တာက ပို၍တန်ဖိုးရှိပါသည်။ သင်၏ညီအစ်ကိုများကို အကောင်းမြင်ခြင်း ဖြင့် ကြည့်ရှုပါ။ ကျေးဇူးတရားများကို မှတ်သားလျက် သူတို့၏ မှားယွင်းမှုများကို ဇကာချ လိုက်ပါ။

မိမိကိုယ်မိမိ အထင်ကြီးသော စိတ်နှင့် မာန်မာနများကို ဆန့်ကျင်ပါ။ ပေတရု ပြောဆိုသလို စဉ်းစားပြီး အားလုံးကို ငြင်းပယ်ပါ ။ မာန်မာနက မြင့်မားသော ကျရှုံးမှုတစ်ခု၏ လမ်းကြောင်းဖြစ်ပါသည်။ ကြည့်ရှုလျက် ဆုတောင်းပါ

ကျွန်ုပ်တို့၏ အကျိုးအတွက် မျှော်ကိုးပြီး စောင့်ကြည့်ကြပါစို့။ ငြိမ်သက်ခြင်းဖြင့် လျှောက်လှမ်းကာ သခင်ယေရှုကို မျှော်ကြည့်လျက် အထက်အရာများကို စောင့်ကြည့်ကြပါစို့။ သခင်ဘုရားကို ဂုဏ်ပြုဖို့ရန် ပျက်ကွက်ခဲ့သည့် အရာများအား ပြန်လည်တွေးတောကြပါစို့။ အပြစ်အတွက် ဦးခေါင်း၌ ဆူးပန်းကိုဆောင်းပြီး သံမှိုရိုက်ခြင်းကို ခံစားခဲ့သော သခင်ယေရှုကို တဖန်ပြန်လည် တွေးတောကြပါစို့။ ကျွန်ုပ်တို့၏ အပြုအမူ၊ လုပ်ဆောင်ချက်နှင့် စကားလုံးများ၊ တွေးတောချက်များကို ဘာသာတရားကိုင်းရှိုင်းသည့် အသက်တာဖြင့် ပြုမူ ဆောင်ရွက်ကြပါစို့။ ကြောက်ရွံ့ခြင်းဖြင့် မချုပ်နှောင်ကြပါစေနှင့်။ အတွေးအခေါ်ကို ဘယ်တော့မှ ခွင့်မပြု ပါနှင့် အိပ်ပျော်ငိုက်မြည်းခြင်းမရှိဘဲ အစဉ်နိုးကြားကြပါစို့။

သခင်ခရစ်တော်ပြန်လာချိန်အတွက်ပြင်ဆင်ခြင်း

(Preparing Our Families For Christ's Return)

By Kim Butts

ခရစ်တော်ပြန်လာမည့် ဤနေ့ရက်များတွင် ရှေ့ပြေးအဖြစ် ဘုရားသခင်၏ အသင်းတော်၊ သူ၏ နှစ်သက်ဖွယ်ရာ သတို့သမီးက သူမကိုယ်သူမ စိတ်ထက်သန်စွာဖြင့် ပြင်ဆင်ရမည်ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့ အကြီးဆုံးမှ အငယ်ဆုံး ထိတိုင်အောင် အားလုံးကို မြင်တွေ့ချင်နေပါသည်။ ထို့ကြောင့် သူပြန်လာမည့်အချိန်အတွက် အထူးပြင်ဆင်ခြင်းဖြင့် စောင့်မျှော်ကြ ဖို့ရန်ဖြစ်ပါသည်။

အောက်တွင် ယေရှုပြန်လာမည့်အချိန်ကို အသိစိတ်ဖြင့် ပြင်ဆင်နိုင်မည့် တိကျသော နည်းလမ်း တချို့ကို ဖော်ပြထားပါသည်။

ကြည့်ရှုစောင့်စားခြင်း

သင်တို့ အရှင်သည် အဘယ်အချိန်၌ ရောက်လာမည်ကို သင်တို့မသိသောကြောင့် စောင့်နေကြလော့။ ကြည့်ရှုစောင့်စားခြင်းအကြောင်းကို အခြားသူတစ်ဦးထံသို့ ကျွန်ုပ်တို့က မည်ကဲ့သို့ ခွန်အားပေး ပြောဆိုနိုင်ပါ မည်နည်း? သင်၏ ဘေးပတ်ဝန်းကျင်တွင် ဤအကြောင်းကို ပြောဆိုနေကြပါလိမ့်မည်။ သင်၏ အသက်တာ ထဲ၌ လက်ရှိအချိန်ကို ဆန်းစစ်ပါ။ ယခုပင်လျှင် သဘာဝဘေးဒဏ်များ၊ စစ်ပွဲများ၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်မှုများက ဖြစ်ပျက်နေပြီဖြစ်သည်။ ဤလောက၌ ဖြစ်ပျက်နေသော အရာများအား သင်၏ သားသမီး များအပေါ် အသိပေးကာ စောင့်ရှောက်ပါ။ အစာရေစာ ခေါင်းပါးခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေငလျင်လှုပ်ခြင်းများ နှင့် ရင်ဆိုင်နေရသော ဤလောကကြီးကို ကြည့်ပြီး သင်၏ ပတ်ဝန်းကျင်တွင် ရှိသောသူများထံ အချိန်တိုင်း၌ ပြင်ဆင်ကြဖို့ရန် သတိပေးပါ။ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့လုပ်ဆောင်ရမည့် အရာမှာ အမှောင်ထဲတွင် အလင်းကို ထွန်းညှိဖို့ရန်ဖြစ်ပါသည်။ မိသားစုတစ်စု အနဖြင့် ဝိညာဉ်ရေးရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်နေသော သူများကို ပံ့ပိုးကူညီနိုင်ဖို့ရန် ဆွေးနွေးပါ။

ဖောက်ပြန်လာသော လောကကြီးကို စောင့်ရှောက်ပါ။

ယနေ့ကျွန်ုပ်တို့ သားသမီးများ၏ အသက်တာ၌ ဆန့်ကျင်ခြိမ်းခြောက်မှုများက အမှန်ပင် သက်ရောက် နေပါသည်။ စာတန်က သူတို့က မတင်းတိမ်နိုင်အောင် လုပ်ဆောင်လျက် တားဆီးချင်နေပါသည်။ သူ၏ ဆိုးညစ်သော အကြံအစည်အတွက်

သူတို့ကို အသုံးပြုလျက် တွန်းချဖို့ရန် တတ်စွမ်းနိုင်သလောက်ဖြင့် ကြိုးပမ်းနေပါသည်။ ထို့ကြောင့် စာတန်၏ အကြံကို ဖျက်ဆီးဖို့ရန် ကျွန်ုပ်တို့၏ သားသမီးများကို ဖြစ်နိုင်ခြေရှိ ကောင်းမွန်သော လုပ်ဆောင်ချက်များတွင် ပါဝင်ဖို့ရန် သင်ကြား ပေးရမည်ဖြစ်သည်။

သူတို့က ဗွီဒီယိုဂိမ်းများ၊ ရုပ်မြင်သံကြား ကြည့်ရှုခြင်းများနှင့် အခြားသော လုပ်ဆောင်ချက် တချို့၌ ဆော့ကစားလျက် အချိန်များစွာကို ဖြုန်းတီးနေပါက ဘုရားသခင် နှစ်သက်သည့် လုပ်ဆောင်ချက်ကို ရှင်းပြရမည့် အချိန်ပင်ဖြစ်ပါသည်။ သူတို့ လုပ်ဆောင်နေသည့် ဘုရားသခင် မနှစ်သက်သော အရာများကို သိမြင်လာ ကြဖို့ရန် ဖေးမလျက် ကူညီပေး ရမည်ဖြစ် သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ သားသမီးများ၏ မိတ်သင်္ဂဟ တိုးပွား လာခြင်းကို ဖျက်ဆီးဖို့ရန် ရန်သူက မကောင်းသည့် နေရာများသို့ လမ်းပြကာ ဘုရားသခင် ကို မချီးမွမ်းနိုင်မည့် လမ်းကြောင်းထဲသို့ သွေးဆောင်ကာ ရှင်သန်စေပါ သည်။ ဤသို့သော ထူးခြားသည့် အရာများကို မြင်နိုင်ဖို့ရန် သူတို့ကို ဖေးမကူညီရမည်ဖြစ်သည်။ စပျစ်နွယ်ပင်နှင့် ချိန်ဆက်ဖို့ ရန် မှန်ကန် သော ရွေးချယ်မှုကို ပေးကမ်းပါ။ ယေရှု ပေးသော နိယာမကို ပြောဆိုကာ မကောင်းသည့် အရာများကို ဖယ်ရှား စေဖို့ရန်ဖြစ် ပါသည်။ (ကိုရ ၂း၁၂ – ၁၄)

မေးခွန်းဖြစ်စေနိုင်သော အရာအားလုံးကို မလုပ်ဆောင်ခင် ဘုရားသခင်၏ မျက်နှာကို ရှာကြဖို့ရန် သင်ကြားပေးပါ။ ဘုရားသခင်၏ နုတ်ကပက်တော်က ကိုးစားထိုက်သည့် အကြောင်းကို သူတို့အပေါ် အသိပေးပါ။ (ဒုတိယ ၇:၂၈) သူက ဖန်ဆင်းသည့် အရာအားလုံးကိုချစ်ပြီး ကတိပြုချက် အားလုံးအပေါ် သစ္စာစောင့်ထိန်း သော ဘုရားသခင်ဖြစ်ပါသည်။ **(ဆာလံ ၁၄၅:၁၃)** ဖြစ်နိုင်သည့် အကောင်းဆုံး လမ်းသို့ သားသမီးများကို လမ်းညွှန်ပြီး လူငယ်များကို စပျစ်နွယ်ပင်နှင့် ချိတ်ဆက်ပေးကာ တက်ကြွစွာဖြင့် သာသနာထဲတွင် ပါဝင်စေ ဖို့ရန်ဖြစ်ပါသည်။ ခရစ်တော်ပြဿသည့် အခြားသူများကို ချစ်ရမည့် လမ်းကြောင်း (အချင်းချင်း ချစ်ခြင်း) ကို တွေ့ရှိကာ သူတို့ကိုယ်တိုင်က လက်လှမ်းနိုင်ဖို့ရန် ကူညီပံ့ပိုးပေးပါ။ ဖြစ်ထိုက်သော အရာမှာ ဘိုးဘွားရိပ်သာ တစ်ခုခု၌ စေတနာဝန်ထမ်းလုပ်ဆောင်ကာ အိမ်ယာမဲ့လူတွေကို ကျွေးမွေးပြုစုပြီး ပျောက်ဆုံးသော ဝိညာဉ်များနှင့် သာသနာပြုများအတွက် ဆုတောင်းကြဖို့ရန်ဖြစ်ပါသည်။

နောင်တရခြင်း

မိသားစုတစ်စု အနေဖြင့် သင်၏ သားမြေးများအပေါ် အသက်အရွယ် မပိုင်းခြားဘဲ ယေရှုကို သိကျွမ်း စေဖို့ရန် လိုအပ်ပါသည်။ အမြဲပြောဆိုသင့်ပါသည်။ သင်တို့သည် အချင်းချင်း မိမိအပြစ်များကို ဝန်ချကာ တစ်ဦးနှင့်တစ်ဦးအတွက် ဆုတောင်းပေးကြပါ။ **(ယာလုပ် ၅:၁၆ ၁ ယော ၁:၉)** ကျွန်ုပ်တို့၏ အပြစ်များကို ဆေးကြောပြီးသောအခါ လန်းဆန်းမှုကို ကျွန်ုပ်တို့က တွေ့ကြုံခံစားရမည်ဖြစ်သည်။ ဤသို့ အဖိုးတန်သည့် အချိန်အတောအတွင်း၌ အံ့သြဖွယ်ရာ သူ၏ ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့ကို ဆေးကြောသန့်စင်စေနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာတစ်ခုလုံးကို ဆေးကြောပေးကာ အသစ်ပြုပြင်ပေးပါသည်။ **(တမန် ၃:၁၉–၂၁)** ဘုရားသခင်၏ရှေ့တွင် နောင်တရသော စိတ်နှလုံး၏ အနက်အဓိပ္ပါယ်ကို သားသမီးများအပေါ် ရှင်းပြပါ။

ကျေးဇူးပြုပြီး သင်၏ သားသမီးများက ကယ်တင်ခြင်း သတင်းကောင်းကို သဘောပေါက်နိုင်မည့် အသက်အရွယ် ထိတိုင်အောင် စောင့်မနေပါနှင့် ချိတုံချတုံ ဖြစ်မနေပါနှင့်။

သင်၏ မိသားစုဌ် ဓလေ့ အစိတ်အပိုင်းတစ်ခုအဖြစ် လိုအပ်သော အရာမှာ ယေရှုခရစ်တော်က သင်၏ နေအိမ် မိသားစု၏ ကယ်တင်ရှင်ဖြစ်ဖို့ရန် ဖြစ်ပါသည်။ သင်၏ သားသမီးများက စိတ်ဆုံးဖြတ်ချက်ချဖို့ရန်မှာ အချိန်များစွာ ကျန်ရှိနေပါသေးသည်ဟု တွေးတောကာ ကျေနပ်မနေပါနှင့် သင်သတိပြုရမည့်အချက်မှာ ယေရှု ပြန်လာမည့်အချိန်ကို သင်က မသိခြင်းပင ဖြစ်ပါသည်။ ထို့ကြောင့် သင်၏သားသမီးများက လောကီအရာများ ထက် ကောင်းကင်အကြောင်းကို ပိုမိုစိတ်ဝင စားဖို့ရန် ပြင်ဆင်ပါ။ (ဖိလိပ္ပိ ၃:၂၀)

သင်ကို့ယ်တို့င်အဆင်သင့်ဖြစ်ပါ

ကျွန်ုပ်တို့၏ နေအိမ်တွင် ယေရှု ပြန်လာမည့်အကြောင်းအား ပြောဆိုကြသလိုပင်မည်သို့ အသက်ရှင်သည့် အကြောင်းကိုလည်း ဆွေးနွေးကြဖို့ရန် အလွန်ပင် အရေးကြီးလှပါသည်။ ကျမ်းစာဌ် ဖော်ပြသည့် အတိုင်းပင် ထိုနေ့ရက် မရောက်ခင် ဘုရားသခင် လုပ်ဆောင်စေလိုသည့် လမ်းကြောင်းကို ကျွန်ုပ်တို့က ပိုမိုပြီး သတိပြု ကြဖို့ရန်ဖြစ်ပါသည်။

ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား သိုးငယ်၏ မင်္ဂလာဆောင်ပွဲကို ခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကိုတန်ဆာဆင်ပြီဟု စည်းဝေးသော သူအများတို့၏ အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသော မိုးကြိုးသံကဲ့သို့ ငါကြား၏။ (ဗျာဒိတ် ၁၉:၇)

သတိပြုရမည့် အချက်မှာ ဤကျမ်းပိုဒ်က ကျွန်ုပ်တို့ အဆင်သင့်ဖြစ်ကြဖို့ရန် ဘုရားသခင်က လုပ်ဆောင် ပေးလိမ့်မည်ဟု မပြောပါ။ ဤကျမ်းပိုဒ်က သေချာစွာဖော်ပြသည့် အချက်မှာ ကျွန်ုပ်တို့က ခရစ်တော်ရဲ့ သတို့သမီးဖြစ်ပြီး ကိုယ်တိုင် ပြင်ဆင်ကာ အဆင်သင့်ဖြစ်ဖို့ရန်ဖြစ်ပါသည်။ ထို့ကြောင့် ဆုတောင်းခြင်းဖြင့် လုပ်ဆောင်ဖို့ရန်ဖြစ်ပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင် အစွမ်းဖြင့် ရရှိနိုင်မည့် အရာမဟုတ်ပါ။ အောက်တွင် သင်၏ မိသားစုအတွက် တိကျသော ဆုတောင်းချက်တချို့ကို တင်ပြထားပါသည် -

(၁) သူသန့်ရှင်းသလို သင်၏ မိသားစုလည်း သန့်ရှင်းဖို့ရန် ဆုတောင်းပါ (၁ယော ၃:၂-၃)

(၂) ဘုရားသခင်၏ ရှေ့မှောက်တွင် အပြစ်ကင်းမဲ့သော စင်ကြယ်သန့်ရှင်းခြင်းအတွက် သင်၏မိသားစု၏ စိတ်နှလုံးများကို ဘုရားသခင်က ဖြည့်စွက်ပေးဖို့ရန် ဆုတောင်းပါ။ (၁သက် ၃:၁၃)

(၃) ဘုရားသခင်၏ ရည်ရွယ်ချက်အတွက် သင်၏မိသားစုကို စင်ကြယ်စေဖို့ရန် ဆုတောင်းပါ။ (၁ သက် ၅:၂၃)

(၄) သင်၏ မိသားစုဌ် ခွဲခြားသိမြင်ခြင်း၊ အသိပညာ၊ ချစ်ခြင်းမေတ္တာနှင့် ဖြောင့်မတ်ခြင်းကို ရရှိဖို့ရန် ဆုတောင်းပါ (ဖိလိပ္ပိ ၁:၉-၁၀)

(၅) ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေသည့် မိသားစုဖြစ်ဖို့ရန် ဆုတောင်းပါ။ (၁ ပေ ၂:၁၂)

ကျေးဇူးတင်စကား

ပြန်လည်ကြွလာခြင်းသတင်းကောင်းစာစောင် ပုံမှန်ထုတ်ဝေနိုင်ခွင့် ဘုရားသခင်ပြင်ဆင်ပေးသော ဘုရားသခင်ကို အထူးဘဲချီးမွမ်းလိုပါတယ်။ ဘုရားသခင်သည်အလွန်ကောင်းမြတ်လှပါသည်။ ဘုရားသခင်၏ ကျေးဇူးတော် သက်သက်အားဖြင့်ဤကဲ့သို့သော သတင်းကောင်းစာစောင်ကို ကျွန်တော်တို့ ဖက်ရှိနိုင်ခွင့် ရရှိခြင်းဖြစ်ပါသည်။ ဤသတင်းကောင်းစာစောင်ကို ဟားခါးချင်းဘာသာစကားနှင့် မြန်မာဘာသာဖြင့် လစဉ်ထုတ်ကျွန်တော်တို့ ထုတ်ဝေလျက်ရှိသည်။

Rev.Run Lian, P.O.Box –1349, Yangon, Myanmar, Tel: 09452112354, dts4christ@gmail.com